ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 12 August 2023 ၁၁၁၈၅

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုဓဝဂ်(ဓမ္မပဒ-၂၀၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အရာရှိ၊ စစ်သည်များအနေဖြင့် တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်ကလေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းအားပေးဖော်ဆောင်

နေပြည်တော် သြဂုတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မ ရယူရန် လုပ်ဆောင်လာခဲ့သောကြောင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

မာရဝိဇယဗုဒ္ဓရုပ်ဟွားတော်မြတ်ကြီး လာရောက်ဖူးမြော်ကြသည့် ပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိ စကားသံများ

စာမျက်နှာ » ၁၂

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

စာမျက်နှာ » ၁၄

နိုင်ငံတကာလူငယ်များနေ့နှင့် အစိမ်းရောင်ကျွမ်းကျင်မှု

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမှု

နိုင်ငံအတွက်အရှိန်အဟုန်မြင့်ဆောင်ရွက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာရေး ကြိုးပမ်းဆောင်ရွက်မှုများအား ပြည်သူများက နားလည်လက်ခံကြသလို သဘောထားအမှန်ထားရှိကြသူများအနေဖြင့် အသိအမှတ်ပြုကြမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝအဆင်ပြေစေရေးတို့ကို ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နောင့်ယှက်ဖျက်ဆီးသူများကို တိုက်ဖျက်ကြရမည်ဖြစ်သည်။ ပြည်သူအားလုံး၏အကျိုးကို ဖျက်ဆီးကြသူများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအပေါ် နောင့်ယှက်မှုများရှိနေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နောင့်နှေးကြန့်ကြာနေမည်ဖြစ်သည်။ လက်ရှိတွင် စည်းကမ်းပြည့်ဝသော စစ်မှန်သည့်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည်။ ထိုကာလတွင် နောင့်ယှက်မှုများကြောင့် နောင့်နှေးစေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ပြန်လည်ဖော်ဆောင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ နောင့်နှေးစေသည်။

ထိုကဲ့သို့နောင့်နှေးအောင်လုပ်ဆောင်နေသူများသည်ပြည်သူ့ဆန္ဒကို ဆန့်ကျင်နေသူ၊ ပြည်သူများ ထိခိုက်နစ်နာစေလိုသူများသာဖြစ်သည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံကို နောင့်ယှက်ဖျက်ဆီးနေသူများအား ဝိုင်းဝန်းတိုက်ဖျက်ပြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

လက်ရှိကာလတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် အချို့ EAO အဖွဲ့များ၏ အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကြောင့် အချို့သောဒေသနှင့် တိုင်းရင်းသားဒေသအချို့၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသားကျောင်းသူလေးများ၏ပညာသင်ကြားမှုအခွင့်အရေးများ များစွာဆုံးရှုံးထိခိုက်နစ်နာစေလျက်ရှိသည်။ ထို့အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ လည်းဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိသကဲ့သို့ တိုင်းပြည်၏ အနာဂတ်အတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္ဋိဌာန်ချထားသည်။ ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါများကြသည်ကိုတွေ့ရမည်ဖြစ်သည်။ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်လုပ်ကိုင်နိုင်သည့် အတွေးအခေါ်များရရှိမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများ အားလုံး ပညာရည်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်၍ အခြေခံဥပဒေ၌ ဝူညီသည့်အခွင့်အရေးများပေးထားပြီးဖြစ်သကဲ့သို့ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် NCA ပါ သဘောတူညီချက်များအတိုင်း အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပေသည်။ လက်နက်ကိုင်လမ်းစဉ်သည် မည်သည့်အခါမျှ အောင်မြင်မှုမရနိုင်သည်ကို သမိုင်းစဉ်တွင်တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားတို့၏ ဆန္ဒနှင့်လိုလားချက်များကို လက်နက်ကိုင်ဆောင်ရွက်၍မရနိုင်ဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ ရနိုင်မည်ဖြစ်သည်။ နိုင်ငံရေးစင်မြင့်တွင် တိုင်းရင်းသားပြည်သူကိုယ်စားလှယ်အားလုံးစုံညီစွာဖြင့် လိုလားချက်၊ ရည်မှန်းချက်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ် အကောင်အထည်ဖော်ရန် အရေးကြီးသည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးစင်မြင့် ပေါ်ပေါက်လာစေရန်အတွက် “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသော ရှေ့လုပ်ငန်းစဉ်ကို မဖြစ်မနေအကောင်အထည်ပေါ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ ဆက်လက်တာဝန်ထမ်းဆောင်မည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားလုံးပူးပေါင်းပါဝင်ပြီး အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

ခူမီးအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၁ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၃ ခုနှစ် ၊ ဩဂုတ်လ ၁၁ ရက်)

ခူမီးအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိုက္ခာရပ်ကွက်၊ အောင်စောင်လမ်း၊ အိမ်အမှတ် (၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခူမီးအမျိုးသားပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ခူမီးအမျိုးသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၆) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ပထမနှစ်ဝင်ခွင့်လျှောက်ထားနိုင်ခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ကို တက္ကသိုလ်၏ ဦးတည်ချက်များဖြစ်သည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးဆိုသည့် ဦးတည်ချက်များဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)နှင့် ထမ်မံတိုးချဲ့ဖွင့်လှစ်မည့် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာ(Cultural Heritage Management) ပထမနှစ်ဝင်ခွင့် သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့တက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်၊ သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာ သန်စွမ်းသူဖြစ်ရမည်၊ အနုပညာဝါသနာပါသူဖြစ်ရမည်၊ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်၊ မိတ္တူကိုတစ်ပါတည်း ပူးတွဲလျှောက်ထားရမည် စသည့်အချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

၂။ အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် (၄) နှစ်သင်တန်းများဖြစ်သည့် ဂီတပညာအထူးပြု၊ သဘင်ပညာအထူးပြု၊ ပန်းချီပညာအထူးပြု၊ ပန်းပုပညာအထူးပြု၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာအထူးပြု သင်တန်းများဖွင့်လှစ်၍ ဘွဲ့အပ်နှင်းမည်ဖြစ်သည်။

၃။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/စျ၊ အောင်ဇေယျလမ်း၊ (၂၆) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၌ ဝယ်ယူ လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၇)ပုံတို့နှင့် ပူးတွဲလျက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ စတင်ဝယ်ယူ လျှောက်ထားနိုင်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ နောက်ဆုံးထားရှိ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ ရုံးချိန်အတွင်း တိုက်ရိုက်ပေးပို့ လျှောက်ထားကြရမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက် (၉ : ၀၀)နာရီ၌ တက္ကသိုလ်ဝင်းအတွင်းရှိ စွယ်တော်ဆောင်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါကြောင်း သိရှိရသည်။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၈ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၀၀၀	၉,၀၀၀	၂၇၆	၂,၄၇၆,၈၀၀
MTSH	၃,၀၀၀	၃,၁၀၀	၁,၃၃၈	၄,၀၆၆,၀၀၀
MCB	၇,၆၀၀	၈,၀၀၀	၂၄၁	၁,၉၂၆,၈၀၀
FPB	၁,၆၀၀	၁,၆၅၀	၂,၉၉၃	၄,၉၃၅,၄၅၀
TMH	၂,၄၅၀	၂,၄၅၀	၃	၇,၃၅၀
EFR	၂,၃၀၀	၂,၃၅၀	၄၅၃	၁,၀၆၁,၅၅၀
AMATA	၅,၀၀၀	၅,၀၀၀	၁၀၁	၅၀၅,၀၀၀
MAEX	၁,၉၀၀	၁,၉၀၀	၃,၉၆၁	၇,၅၂၅,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သတင်းထောက်များ	ဦးသန်းတင်အောင်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	သုတေသန	- ဒေါ်ဇင်မာဝင့်
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

○ နိုင်ငံ၏အနာဂတ် တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်

○ ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေး ကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်

✯ ရှေ့ဖုံးမှ

ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်မှုဖြစ်စဉ်များ ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှစ၍ နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်ထားသည့်အခြေအနေများ၊ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကလွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

နိုင်ငံ့အနာဂတ်အတွက် ဗလငါးတန် ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်

ဆက်လက်ပြောကြားရာတွင် အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ အောင်မြင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျရာအခန်းကဏ္ဍက ပါဝင်ရမည်ဖြစ်ကြောင်း၊ ဦးတည်ချက်များအနက် လူငယ်များ၏ အခန်းကဏ္ဍ တစ်ခုကို ထည့်သွင်းချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူကောင်း၊ လူတော်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ **နိုင်ငံ၏အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်** ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးတွင် အားနည်းချက်များရှိခဲ့ကြောင်း၊ **ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည် ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ တိုင်းပြည်အတွက် ရေရှည်အကျိုးကို မြော်တွေး၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရာရှိ၊စစ်သည်၊မိသားစုများအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ၊ဦးတည်ချက်များ၏ ဆိုလိုချက်နှင့် မျှော်မှန်းချက်များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့ တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင်ကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်မှုနှင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတွင် အတူတကွ ပူးပေါင်း၍ တာဝန်ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

တပ်မတော်ကို စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏ စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဦးချင်းစွမ်းရည်များရှိစေရေး အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ကျန်းမာ၊ကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုများကို တတ်နိုင်သမျှပြည့်စုံအောင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဉာဏပိုင်းနှင့်ပတ်သက်၍လည်း စစ်အတတ်ပညာများကိုသာမက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍရပ်များအားလုံးကို ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ »»

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့်အခြေအနေတွင်ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် သြဂုတ် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား အစိုးရအဖွဲ့ရုံး ဧည့်ရိပ်သာ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံး၏ ကောင်းမွန်သည့် လုပ်ဆောင်ချက်များနှင့် ဒေသခံပြည်သူလူထုတို့၏ ပိုင်းဝန်းပူးပေါင်း ပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့်လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

ဆန်ဖူလုံမှုသည်လည်း မြင့်မားမှုရှိသည်ကို တွေ့ရှိရပြီး အရည်အသွေးကောင်းသည့် စပါးမျိုးများကို ပိုင်ဆိုင်ထားကြောင်း၊ ပညာရေးနှင့် ပတ်သက်၍လည်း ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူ ဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများကို ခရိုင် ၅၀ ၌ ဖွင့်လှစ်ထားရှိပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များ အားလုံးကို အသိအမှတ်ပြုအားပေးပါကြောင်းနှင့် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများအနေဖြင့်လည်း မိမိတို့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားကြစေ လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက **ယခုကဲ့သို့ နိုင်ငံတော် အကြီးအကဲနှင့် တိုက်ရိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခွင့်ရသည်မျိုးမှာ ယခင်ကမရှိခဲ့ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေအထိဆင်း၍ အကွက်ကျကျ ဆောင်ရွက်နေသဖြင့် အားကိုးဂုဏ်ယူမိပါကြောင်း**၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေး၊

စာမျက်နှာ ၅ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

- **ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူဦးရေ အများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်**
- **မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများကို ခရိုင် ၅၀ ၌ ဖွင့်လှစ်ထားရှိပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်**

»» **စာမျက်နှာ ၃ မှ**

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးမှ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ပိုင်းဝန်းအားပေး ဖော်ဆောင်သွားကြရန်လိုကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဌောမဟာစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဌောမဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများနှင့် စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

○ စာမျက်နှာ ၄ မှ

မြေအရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များ၊ ပုလဲ၊ ယူရီးယားနှင့် အခြားသော ကွန်ပေါင်းဓာတ်မြေသြဇာများစွာကို ကာလရှည်ကြာ အသုံးပြုခဲ့သဖြင့် မြေအရည်အသွေးကို ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မြေအရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားရန် လိုအပ်ချက်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်တစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ကောင်းမွန်လျက်ရှိပြီးဖြစ်သော်လည်း အချို့သောလမ်းပိုင်းနေရာများ၌ အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အနေဖြင့် မူဝါဒပိုင်းဆိုင်ရာများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများမှ ကုန်ကြမ်းများဖြင့်လည်း တိရစ္ဆာန်အစာအစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ငါးမွေးမြူရေးပြုလုပ်ရန် ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း၊ အဆင့်မြင့် ငါးထုတ်ကုန်များကို ရောင်းချနိုင်မည့် စျေးကွက်သည်လည်းရှိပြီး ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်နှုန်းတိုးတက်ရေးအတွက် သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများကို ပြည့်ဝစွာ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ မြေအရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် သဘာဝမြေသြဇာကို ရရှိစေနိုင်ပြီး မြေဆီမြေနှစ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေးကျဆင်းမှု မရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန်လည်း လိုကြောင်း၊ ယနေ့ခေတ်သည် စျေးကွက်စီးပွားရေးစနစ်ဖြစ်သဖြင့် အစိုးရက ဆောင်ရွက်မှုများသည်သာမက ဒေသအလိုက်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးချင်း ကြိုးစားအားထုတ်ရန်လိုကြောင်း၊ အစိုးရဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့် ပတ်သက်၍လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေတွင်ရှိပြီးဖြစ်သဖြင့် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ဒေသနှင့် တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လို

အထွက်နှုန်း ကောင်းမွန်ရေးအတွက် ဓာတ်မြေသြဇာများစွာ ထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်းမျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရကြောင်း၊ သဘာဝမြေသြဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာ စိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံးဧကကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ အထွက်နှုန်း များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များ ပြည့်မီအောင် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ကောင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမွန်ရမည်၊ မြေအရည်အသွေး ကောင်းမွန်အောင် စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေလုံလောက်စွာ ရရှိနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

လမ်းပန်း ဆက်သွယ်မှုနှင့် ပတ်သက်၍ ပုသိမ်-ရန်ကုန် ဖြတ်သန်းသွားလာမှုသည် နေ့စဉ်ယာဉ်အစီးပေါင်းများစွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များတွင် နေ့စဉ်ယာဉ်အစီးရေ သွားလာမှုအပေါ်မူတည်၍ လမ်းများကို အဆင့်မြှင့်တင်ရသည်ဖြစ်သဖြင့် အဆင့် မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပုသိမ်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ရန် အတွက်လည်း သဘာဝအလှအပများ၊ ဒေသထွက်အစားအသောက်များနှင့် အခြားအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ယခင်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံမှုနှင့်ပတ်သက်၍ ထိခိုက်နစ်နာခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပုသိမ်မြို့၏လူနေမှုစနစ်မြှင့်တင်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း စည်းကမ်းစနစ်တကျအတိုင်း လိုက်ပါဆောင်ရွက်ရန် လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြ တိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ မြို့၊ မြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဌောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများနှင့် စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညိုခြင်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး အမြဲမပြတ်ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ ပုသိမ်မြို့၏ လူနေမှုစနစ်မြှင့်တင်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း စည်းကမ်းစနစ်တကျအတိုင်း လိုက်ပါဆောင်ရွက်ရန်လို

○ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြ တိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လို

○ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် သြဂုတ် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အားကစားကွင်းများ၊ အားကစားရုံများ၊ ရေကူးကန် တည်ဆောက်ထားရှိမှုနှင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ (ပုသိမ်) တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက် ဆောင်ရွက်သွားမည့် ဦးတည်ချက်များတွင် အားကစားကဏ္ဍ မြှင့်တင်နိုင်ရေး အချက်တစ်ချက် အနေဖြင့် ထည့်သွင်းချမှတ်ထားရှိပြီးဖြစ်ပြီး အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကိုမြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်ကြောင်း၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့်

စာမျက်နှာ ၇ သို့ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့် ရေကူးကန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အားကစား ကဏ္ဍ မြှင့်တင် ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင် ပေးခြင်းပင် ဖြစ်ပြီး တိုင်းချစ်ပြည်ချစ် စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြား တက်ကြွလာ စေမည်

❖ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ ရေသန့်စင်စက်ရုံ၌ ရေများ အဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှုနိုင်မည့် ပွဲကြည့်ပရိသတ်အင်အား ပမာဏကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုကြည့်၍ ရေရှည်မြော်တွေးဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီ အားကစားရုံ၊အားကစားကွင်းများ ဖြစ်ရန်လိုကြောင်း၊ ကားရပ်နားရန် နေရာများ၊ အရေးပေါ်အခြေအနေတွင် အဝင်၊ အထွက်လွယ်ကူအဆင်ပြေစေမည့် လူထွက်ပေါက်များကိုလည်း ထည့်သွင်းစဉ်းစားအဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည်ဆောက်ရာတွင် ခွင့်ပြုပေးထားသည့် မြေနေရာများကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း မြေလပ်များ မရှိစေရေး သတ်မှတ်အကွာအဝေးနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ အားကစား အဆင့်အတန်းကောင်းမွန်အဆင့်မြှင့်လာစေရေး အတွက် အားကစားကွင်းများ၊ အားကစားရုံများသည် သတ်မှတ်ထားသည့် အဆင့်အတန်းမီရန်လိုကြောင်း၊ ထိုသို့ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစား တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်းပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုးသိန်းအားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်ကျောက်တိုင်အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့် ရေကူးကန် တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပုသိမ်မြို့ရေပေးဝေရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ရေမီတာများ တပ်ဆင်ထားရှိမှုနှင့် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိရေဖြန့်ဝေပေးနေမှုနှင့် နွေရာသီ ဒဏ် အထူးသဖြင့် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်အောင် တွက်ချက်ဆောင်ရွက်ရန် လိုကြောင်း မှာကြားပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရေပေးဝေရေး လုပ်ငန်းအနေဖြင့် ဝန်မြစ်အတွင်းမှရေများကိုတစ်ရက်လျှင်ရေဂါလန် ၄ ဒသမ ၅ သန်း သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့အတွင်းသို့ ရေပိုက်လိုင်းများ သွယ်တန်း၍ သက်သာသော ဈေးနှုန်းဖြင့် နေ့စဉ် ရေများ ဖြန့်ဝေပေးလျက်ရှိ ကြောင်း သိရသည်။

❖ ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ဝန်မြစ်အတွင်းမှ ရေများကို တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၅ သန်း သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့အတွင်းသို့ ရေပိုက်လိုင်းများ သွယ်တန်း၍ သက်သာသော ဈေးနှုန်းဖြင့် နေ့စဉ် ရေများ ဖြန့်ဝေပေးလျက်ရှိ

ရေလိုအပ်မှုများ ရှိချိန်တွင် မြို့ရေလိုအပ်ချက်၊ ရေအရည်အသွေး ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ မှတ်တမ်းများ၊ ရေသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်မှုများ၊ သန့်စင်ပြီး ရေများအား ပြည်သူများသုံးစွဲနိုင်ရေး ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကိုအကျိုးမဲ့ သုံးစွဲမှု မရှိစေရေး ပြည်သူများကို အသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း၊ ပုသိမ်မြို့သည် မိုးများသည့်ဒေသဖြစ်သဖြင့် မိုးရေကို စုဆောင်း သိုလှောင်၍လည်း အသုံးပြုနိုင်ကြောင်း၊ ရေသန့်စင်စက်ရုံအနီး မြစ်ကြောင်းအတွင်း သဲနုန်းတင်ခြင်းများကို လျှော့ချနိုင်ရန်အတွက် ကမ်းပါးများအနီး၌ သစ်ပင်များကို တတ်နိုင်သမျှ စိုက်ပျိုးထိန်းသိမ်းရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေသန့်စင်စက်ရုံ၌ ရေများ အဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အစုရှယ်ယာရှင် ၁၀၀ ထက်ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် သြဂုတ် ၁၁

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကကြီးမှူး၍ ရန်ကုန်စတော့အိတ်ချိန်းနှင့် ပူးပေါင်းကျင်းပသော အစုရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ခြင်း၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်(Pre Listing Board – PLB) နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ရန်ကုန်စတော့အိတ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ အထက်ရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ဆွေးနွေးပွဲတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် စာရင်းဝင်အကြိုဈေးကွက် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ရုံး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ခြင်း ဆိုင်ရာကိစ္စများ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စများ၊ စာရင်းဝင်အကြိုဈေးကွက်ဆိုင်ရာ စံသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြကြပြီး မြန်မာအက်ဂရိအိတ်ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(Myanmar Agro Exchange Public Co., Ltd) ဒါရိုက်တာက အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောက်ခြင်းဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစုရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကော်မရှင်ရုံး၌ ကျင်းပသည့် ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများအား နေ့စဉ်ရောင်းဝယ်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင် ၃၁ ရက်အထိ ရင်းနှီးမြှုပ်နှံသူဦးရေ ၄၅၆၉၉ ဦး ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခု၏ ရှယ်ယာစုစုပေါင်း ၁ ဒသမ ၄၃၅ သန်း တန်ဖိုးငွေကျပ် ၃ ဒသမ ၄၄၆ ဘီလီယံ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ် ၆၉၂ ဒသမ ၄၃ ဘီလီယံ ရှိကြောင်း သိရသည်။ **သတင်းစဉ်**

☆ မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာဒြပ်ရှိဒြပ်မဲ့ အထောက်အထားများအပြင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမအစဉ်အလာများသည် အဆိုပါနိုင်ငံ၏ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင်ဖြစ်

☆ နိုင်ငံတော်က ဦးတည်ချက်ချမှတ်ပြီး အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ ပြိုင်ပွဲဝင်ဘာသာရပ်ဆိုင်ရာ ပြည့်ပြည့်စုံစုံ၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ရွက်ပုန်းသီးပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့်အားပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

❍ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်ကစတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ် ရည်ရွယ်ချက်ကောင်းများစွာနှင့် ၂၀၁၆ ခုနှစ်အထိ (၂၂)ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာ ကာလအတွင်း အကြောင်းပြုချက်အမျိုးမျိုးဖြင့် ယခင်အစိုးရမှ ကျင်းပပေးနိုင်ခဲ့ခြင်းမရှိကြောင်း၊ ထိုသို့ ကြာမြင့်ချိန်ကာလအတွင်း ပြိုင်ပွဲအချို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ပညာရပ်များနှင့် ကင်းကွာစပြုလာသလို သမ္မာရင့် ဝါရင့် သက်ကြီး ပညာရှင်အချို့ တိမ်းပါးကွယ်လွန်ခဲ့ခြင်းများလည်းရှိခဲ့ကြကြောင်း၊ အခြားတစ်ဖက်တွင်လည်း ထိုကာလမတိုင်ခင်ကတည်းကပင် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာနှင့် ဆန့်ကျင်သည့် သရုပ်လွန်ဂီတများ၊ စကားလုံးကြမ်းကြမ်းဖြင့် တေးသီချင်းများ၊ ငြိမ့်ညောင်းညက်ညောမှု၏ဆန့်ကျင်ဘက်ဖြစ်သည့် လှုပ်ရှားကပြမှုများသည် လူငယ်ထုအတွင်း အတိုင်းအတာတစ်ခုအထိ ထိုးဖောက်ဝင်ရောက်စပြုလျက်ရှိခဲ့ကြောင်း။

ထိုသို့သော အခြေအနေများအကြားတွင် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်ထားသူ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာအနုသုခုမ ပညာရပ်များကို မြတ်နိုးဖက်တွယ်ထားသူ ဝါသနာရှင် လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အားကိုးတကြီး မျှော်လင့်ခဲ့ကြကြောင်း။

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့ပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်မှုအပြင် စည်းမျဉ်း စည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ပြီး အဂတိတရား ကင်းရှင်းသည့် အကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ မျိုးဆက်သစ်ရွက်ပုန်းသီး အနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက်လည်း အလေးအနက်ထား မှာကြားခဲ့ကြောင်း။

အောင်မြင်စွာ ကျင်းပခဲ့

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များဖြင့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် အနုသုခုမဆိုင်ရာ ရှုထောင့်အပြင် လုံခြုံရေးရှုထောင့်နှင့် ထိုစဉ်က ရောဂါ လက္ခဏာ အရှိန်အဟုန် အနည်းငယ်ရှိနေသေးသည့် ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြုသည့် ကျန်းမာရေးရှုထောင့်ကပါ ပြည့်စုံစေ့စပ်စွာ ကြိုတင်စဉ်းစားဆောင်ရွက်ခဲ့ကြသည့်အတွက် (၂၃)ကြိမ်မြောက်ပြိုင်ပွဲကြီးသည် ရွက်ပုန်းသီး အနုပညာရှင်များစွာ ပေါ်ထွက်လာမှုနှင့် အတူ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း။

ပြိုင်ပွဲဝင် အင်အားအနေဖြင့်လည်း နောက်ဆုံးပြိုင်ပွဲကြီး ကျင်းပရန် နီးကပ်ချိန်အထိ ကြိုတင်မျှော်မှန်းထားသည့် အရေအတွက်ထက် တက်ကြွစွာ ပိုမိုပါဝင်ခဲ့သည့်အတွက်လည်း ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ အနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲ အခမ်းအနားကြီးတစ်ခုကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရကျိုးနပ်သည့် ရလဒ်ပင်ဖြစ်ပါကြောင်း။

မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာဒြပ်ရှိဒြပ်မဲ့ အထောက်အထားများအပြင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမအစဉ်အလာများသည် အဆိုပါနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်ပါ ပုဒ်မ(၂၇)အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ(၃၃) အရ နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗဟုသုတတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၉၀ (က)အရ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အချက်ကိုလည်းကောင်း အလေးထားလျက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုလည်း နိုင်ငံတော်အဆင့် အားလျော်စွာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်က ဦးတည်ချက်ချမှတ်ပြီး အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ ပြိုင်ပွဲဝင်ဘာသာရပ်ဆိုင်ရာ ပြည့်ပြည့်စုံစုံ၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ရွက်ပုန်းသီး ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့်အားပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြရန် အတွက် သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်းနှင့် ယခင် (၂၃)ကြိမ်မြောက် ပြိုင်ပွဲမှ အားနည်းချက်များကို သင်ခန်းစာယူ၍ အားသာချက်များအဖြစ် ပြောင်းလဲကာ ပြိုင်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဦးလွင်က ယခင်ပြိုင်ပွဲ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ယခုပြိုင်ပွဲကျင်းပမည့် အစီအမံများနှင့် ဆုချီးမြှင့်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြေ၏က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဥာဏ်ထွန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လျှို့ဝှက်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည် -

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	နှောင်ဖွဲ့ရင်တွင်း...ချစ်ခြင်းကုဋေ (လွတ်လပ်ရောင်စဉ် အတွေးများ)	ညိုပြာညက်(ဗန်းမော်)၊ မဏိမङ्गला၊ အိမ်ချစ်မေ၊ အေးချမ်းမိုးမြေ	ဦးသန်းဝင်း ပွင့်ပန်းသစ္စာစာပေ
၂။	အမာ	မွန်ဟော်စီ	ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ
၃။	နရသူ	ခေတ်ရှေးညို	ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ
၄။	ဘားတော့ဗရက်၊ ဂင်းစဘတ် ဘရီတန်၊ အက်ခမာတိုဗာ၊ ရှင်ဘောဘကာနှင့် မီလော့	နရီမင်း	ဦးကျော်ကျော်လှိုင် SMART စာပေ
၅။	ပြောဖြစ်ခဲ့သော စကားများ-၁	နောင်ရိုးနွယ်	ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ
၆။	ဘဝ၏အရသာ	ညီထက်	ဒေါ်ဝတ်ရည်မောင် 10A Publishing House
၇။	စိတ်ဓာတ်ကျဆင်းနေတဲ့ ကိုရီးယားစာရေးဆရာမရဲ့ ကုထုံးမှတ်တမ်း	ရဲခေါင်မျိုး	ဒေါ်ခင်မျိုးမြတ် နန်းဒေဝီစာပေတိုက်

ပြန်ကြားရေးဝန်ကြီးဌာန

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း ကျင်းပ

နေပြည်တော် သြဂုတ် ၁၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် သောကြာနေ့စကားဝိုင်း၏ အမှတ်စဉ် (၂၅) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့တင်ပြ ဆွေးနွေးမည့် "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ၏ အရည်အသွေးမြှင့်တင်ခြင်း" အကြောင်းအရာခေါင်းစဉ်အရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရာတွင် ဒါရိုက်တာများ၏ စီမံခန့်ခွဲနိုင်မှု၊ မျှတမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု စသည့်အခန်းကဏ္ဍများ၊ ကုမ္ပဏီအဖွဲ့အစည်း၏ ပွင့်လင်းမြင်သာရှိမှုနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ ပါဝင်ဖွဲ့စည်းမှုဆိုင်ရာများကို တင်ပြဆွေးနွေးမည်ဖြစ်သဖြင့် လက်ရှိကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွက် မရှိမဖြစ် အခြေခံကျသည့် အကြောင်းအရာများကို သိနားလည်ခွင့်ရမည်ဖြစ်ကြောင်းနှင့် တက်ကြွစွာ ပါဝင်ဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိမ္မာနီဇာက "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ၏ အရည်အသွေးမြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

သတင်းစဉ်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အမှတ်စဉ် - ၄၆ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် သြဂုတ် ၁၁

မြန်မာနိုင်ငံ စာရင်းကောင်စီကကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်-၄၆ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက နေပြည်တော်ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ခေတ္တာခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများက ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝေးခန်းမမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းဖြစ်သဖြင့် အရည်အချင်းပြည့်မီသော ပညာရှင်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်စေရန် ပညာရပ်ဆိုင်ရာ ဘာသာရပ်များ၊ အသိပညာဗဟုသုတများကို လေ့လာဆည်းပူးကြရမည်ဖြစ်ကြောင်း၊ မြန်မာ CPA များသည် အာဆီယံစီးပွားရေး အသိုက်အဝန်း မူဘောင်အရ ASEAN CPA အဖြစ် လျှောက်ထားပြီး ဒေသတွင်းနိုင်ငံများတွင် စာရင်းပညာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ရာ ပညာရပ်ဆိုင်ရာ ဖြစ်ထွန်းပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် လေ့လာခြင်းဖြင့် မိမိတို့၏အရည်အချင်းကို မြှင့်တင်ကြိုးစားရမည် ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် နိုင်ငံတော်မှ အားထားရသည့် အရည်အချင်းပြည့်ဝပြီး ကျင့်ဝတ်သိက္ခာမြင့်မားသော စာရင်းပညာရှင်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်စေရေး ယခုသင်တန်းမှ သင်ကြားပို့ချမှုများကို အလေးထား လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

၁၀ လကြာ ပို့ချသွားမည်

အဆိုပါသင်တန်းကို ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းတွင် ၁၀ လကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ချောင်းဆုံမြို့နယ် လင်းရောင်ခြည် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ချောင်းဆုံ သြဂုတ် ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လင်းရောင်ခြည် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သြဂုတ် ၁၁ ရက်နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသိန်းဟန်က အစည်းအဝေးတွင် သဘာပတိအဖြင့် ဆောင်ရွက်သည်။

အစည်းအဝေးတွင် သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက အမှာစကားပြောကြားကာ လင်းရောင်ခြည် ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌက ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ တင်ပြခြင်းနှင့် ဆွေးနွေးအတည်ပြုခြင်း၊ တာဝန်ရှိသူက အသင်းသားများ၏ စုဆောင်းငွေပေါ် အတိုးနှင့် အကျိုးဝေစုများကို ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သော အသင်းသားများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ချောင်းဆုံ(ပြန်/ဆက်)

■

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေးရှင်းလင်း

မော်လမြိုင် သြဂုတ် ၁၁

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်) ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင်အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များအား မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်/ တည်းခိုခန်းလုပ်ငန်းရှင် ၉၇ ဦး၊ စားသောက်ဆိုင်လုပ်ငန်းရှင် ၁၂၀၊ ရွှေဆိုင်လုပ်ငန်းရှင် ၁၀၅ ဦးတို့အား အချိန်များခွဲ၍ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ်၌ လယ်ယာမြေဥပဒေ အသိပညာပေး ဆွေးနွေး

ကန်ကြီးထောင့် သြဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကံကုန်းကျေးရွာရှိ ကံကုန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အတွင်းရေးမှူး ဦးသန်းဇော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လယ်ယာမြေလုပ်ကိုင်ခွင့်ရသူများ၏ အခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ လယ်ယာမြေအငြင်းပွားမှု ဖြေရှင်းခြင်းနှင့် ဆောင်ရွက်ရန်ကိစ္စများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး လယ်ယာမြေဥပဒေနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မာရဝိဇယ ဗုဒ္ဓရုပ်ဟွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားနေမှု နေ့မြင်ကွင်း

ဓာတ်ပုံ - သတင်းစဉ်

မာရဝိဇယ ဗုဒ္ဓရုပ်ဟွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားနေမှု ညမြင်ကွင်း

ဓာတ်ပုံ - သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လာရောက်ဖူးမြော်ကြသည့် ပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိ စကားသံများ

တွေ့ဆုံမေးမြန်း - ဟိန်းဂျိုင်း
ဓာတ်ပုံ - မျိုးဆက်သစ်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် သြဂုတ် ၈ ရက်မှစတင်၍ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပေးလျက်ရှိရာ နေ့စဉ်နှင့်အမျှ လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ၏ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုခဲ့ရသည့် ရင်တွင်းဝမ်းသာပီတိ စကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။

ဦးညွန့်မောင် (မြင်းခြံမြို့)

ဒေါ်သမ္မာရီ (ပျဉ်းမနားမြို့)

ဦးမြမောင် (ပုဗ္ဗသီရိမြို့)

ဦးရှိန် (ပျဉ်းမနားမြို့)

ဒေါ်ခင်သန်းဝင်း (ပုဗ္ဗသီရိမြို့)

ဦးညွန့်မောင် (မြင်းခြံမြို့)

နေပြည်တော်ကို ဆေးခန်းလာပြရင်းနဲ့ ဘုရားကြီးကို ဖူးမြော်ခွင့်ပေးပြီလို့ သိရတဲ့အတွက် ဝမ်းသာအားရ လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးကိုတည်ဆောက်ပူဇော်ဖို့အတွက် စကျင်ကျောက်တုံးတော်ကြီးတွေကို ဆီမီးခုံဆိပ်ကမ်းကနေ နေပြည်တော်ကို စတင်ပင့်ဆောင်ခဲ့တာကို တီဗီမှ ကနေမြင်ကတည်းက ဘုရားကြီးတည်ဆောက်ပြီးရင် သွားဖူးမယ်လို့အားခဲထားခဲ့တာပါ။ ဘုရားကြီးတည်ဆောက်နေတဲ့အချိန်မှာလည်း တည်ဆောက်ပူဇော်လို့ ပြီးပြီလားဆိုပြီး လာရောက်ကြည့်ရှုခဲ့ပါတယ်။ စကျင်ကျောက်နဲ့ ထုဆစ်ပူဇော်တဲ့ဘုရားက ရှားပါတယ်။ အခုလို ဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရတဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်မိပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်တဲ့ ရည်ရွယ်ချက်ကလည်း အင်မတန်မှ ကောင်းပါတယ်။ အခုလို ဘုရားကြီးကို အများပြည်သူတွေ ဖူးမြော် ကြည်ညိုလို့ရအောင် တည်ဆောက်ပူဇော်ခဲ့တဲ့ နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ အလှူရှင်တွေအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ကပ်ကြီးသုံးပါးကိုလည်း ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ခမ်းနားထည်ဝါပြီး ကြည်ညိုသပ္ပာယ်ဖို့ ကောင်းတဲ့ ဘုရားကြီးကို လာရောက်ဖူးမြော်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ဒေါ်သမ္မာရီ (ပျဉ်းမနားမြို့)

ဘုရားကြီး တည်ဆောက်ပူဇော်ဖို့ ပင့်ဆောင်လာတဲ့ စကျင်ကျောက်တုံးတော်ကြီး နေပြည်တော်ကို ရောက်ပြီး ဘုရားကြီးကို တည်ဆောက်ပူဇော်နေတဲ့ အချိန်မှာလည်း ဖူးချင်လွန်းလို့ သုံးခေါက်လာခဲ့ပါတယ်။ ဘုရားကြီးကို စတင်ဖူးမြော်ခွင့်ပေးတဲ့ အရင်ရက်တွေက မိုးတွေရွာနေတာနဲ့ ဒီနေ့မှ လာရောက်ဖူးမြော်တာပါ။ အခုလိုဖူးမြော်ရတဲ့ အတွက်လည်း အင်မတန် ဝမ်းသာပီတိဖြစ်ပါတယ်။ မြန်မာနိုင်ငံက ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဥာဏ်တော်အမြင့်ဆုံးဘုရား မြန်မာနိုင်ငံမှာ ရှိပါလားဆိုပြီး ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံသားတစ်ယောက် အနေနဲ့ရော ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ပါ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျောက်စာရုံစေတီမှာ ထည့်သွင်းရေးထိုးထားတဲ့ ပိဋ္ဌကတ်သုံးပုံကျမ်းစာတွေကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာရေရှည်တည်တံ့အောင် လှူဒါန်းပူဇော်ခဲ့တဲ့ အလှူရှင်တွေနဲ့ တည်ဆောက်ပူဇော်ခဲ့ကြတဲ့ နိုင်ငံတော်က တာဝန်ရှိသူတွေကိုလည်း ကျန်းမာချမ်းသာ ဘေးရန်ကင်းကွာပြီး မာန်ဟူသမျှ ရန်ဟူသမျှကို အောင်နိုင်ပါစေလို့ မေတ္တာပို့ဆုတောင်းပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ပြီး ခုနစ်ရက်သားသမီးအပေါင်းနဲ့ အရပ်ဆယ်မျက်နှာကိုလည်း အမျှဝေဆုတောင်းမေတ္တာ ပို့ခဲ့ပါတယ်။ ထူးခြားမှုတွေနဲ့ ပြည်စုံနေတဲ့ ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းလိုပါတယ်။

ဦးမြမောင်(ပုဗ္ဗသီရိမြို့)

မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နိုင်ငံ(၉) နိုင်ငံက သံဃာတော်တွေနဲ့ ဘုရားအနေကဇာတင်တာကို တီဗီမှာ တွေ့မြင်ကတည်းက သွားရောက်ဖူးမြော်မယ်လို့ အားခဲထားခဲ့တာပါ။ ဒါကြောင့် ဒီနေ့မှာ အသိမိတ်ဆွေတွေစုပြီး လာရောက်ဖူးမြော်ကြတာပါ။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ခမ်းနားထည်ဝါပြီး ကြည်ညိုသပ္ပာယ်စရာ ကောင်းလှပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုရတဲ့ အခါမှာလည်း စိတ်ထဲမှာ အင်မတန်မှ ဝမ်းသာကြည်နူး ပီတိဖြစ်ရပါတယ်။ တကယ့်ကို ထူးခြားပြီး သမိုင်းဝင်မယ့် ဘုရားကြီးတစ်ဆူလည်း ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ သုံးဆောင်ဖို့ သက်သတ်လွတ်သီးစုံဒံပေါက်ကိုကုသိုလ်ပြု လှူဒါန်းနေတဲ့ မြင်ကွင်းကလည်း မြင်ရတာ ကြည်နူးဖို့ ကောင်းပါတယ်။ ဘုရားကြီးကို အများပြည်သူတွေ ဖူးမြော်ခွင့်ရအောင် တည်ဆောက်ပူဇော်ပေးခဲ့တဲ့ နိုင်ငံတော်ကတာဝန်ရှိသူတွေနဲ့ ဘုရားအလှူရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဓမ္မမိတ်ဆွေအပေါင်းကိုလည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော် ကုသိုလ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဦးရှိန် (ပျဉ်းမနားမြို့)

ဒီဘုရားကြီး တည်ဆောက်ပူဇော်ကတည်းက ဖူးချင်လွန်းလို့ လွန်ခဲ့တဲ့ ခြောက်လကတည်းက လာရောက်ခဲ့ပါတယ်။ ဒါပေမယ့် ဘုရားကြီးကို တည်ဆောက်နေတဲ့ အချိန်ဆိုတော့ အပြင်ကနေပဲ ဖူးမြော်ပြီး ပြန်ခဲ့ရတယ်။ တစ်သက်မှာတစ်ခါ အခုလိုဘုရားကြီးကို ဖူးမြော်ချင်လွန်းလို့ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်သက် ဖူးမြော်ခဲ့ရတဲ့ ဘုရားတွေထဲမှာ စကျင်ကျောက်တွေနဲ့ ထုဆစ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အင်မတန်မှ ထူးခြားသပ္ပာယ်ပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေ အတွက်လည်း ဒီဘုရားကြီးဟာ သမိုင်းစဉ်အဆက် ဂုဏ်ယူစရာကောင်းပြီး သာသနာတော် အတွက်လည်း အဓွန့်ရှည်မယ့် ဘုရားကြီးတစ်ဆူပါ။ ဘုရားကြီးတည်ဖို့ စကျင်ကျောက်တုံးတော်တွေကို ရေလမ်း၊ ကုန်းလမ်းကြောင်းတွေကနေ အဆင့်ဆင့် ပင့်ဆောင်ခဲ့ရတယ်လို့သိရတယ်။ ဒီလို အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး ကြည်ညိုသပ္ပာယ်စရာ ကောင်းလွန်းလှတဲ့ ဘုရားကြီးကို တည်ဆောက်ပူဇော်ခဲ့တဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာပြည် အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေအနေနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော် ကြည်ညိုကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဒေါ်ခင်သန်းဝင်း (ပုဗ္ဗသီရိမြို့)

စကျင်ကျောက်တုံးတော်ကြီးတွေ ပင့်ဆောင်ပြီး စတင်ထုဆစ်ပူဇော်နေကတည်းက လာရောက်ဖူးချင် နေခဲ့တာပါ။ အခုတော့ ရင်ထဲက ဖူးမြော်ချင်နေတဲ့ဆန္ဒလေး ပြည့်ဝသွားပါပြီ။ အလွန်အားရ ဝမ်းသာဖြစ်မိပါတယ်။ ဒီလို ဥာဏ်တော်မြင့်တဲ့ ဘုရားကြီးကို ကျွန်မတစ်သက် တစ်ခါမှ မဖူးမြော်ခဲ့ရပါဘူး။ ကျောက်စာရုံစေတီတော်တွေကိုလည်း လက်လှမ်းမီသလောက် လေ့လာကြည့်ရှုတဲ့ အခါ ဗုဒ္ဓသာသနာတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ပိဋ္ဌကတ်သုံးပုံ ကျမ်းစာတွေကို စကျင်ကျောက်တွေအပေါ် ခေတ်မီစက်ကိရိယာတွေနဲ့ ထုဆစ်ထားတာတွေ့တော့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အခုလို ကမ္ဘာပေါ်မှာ ဥာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲအားလုံးကို ကျေးဇူးတင်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ ဆရာတော်၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေအတွက် ယာဉ်ငယ်တွေ စနစ်တကျ စီစဉ်ပေးထားတဲ့ အပြင် ဘုရားရင်ပြင်တော်ပေါ်ကို တက်တဲ့အခါမှာ စက်လှေကားထားရှိထားတာကို တွေ့ရတော့ ဝမ်းသာ ကြည်နူးရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ■

မအူပင်မြို့နယ်၌ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေး

မအူပင် သြဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကြောင်းကြီး(၅) ကြောင်းဖြင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျုံစုတ်ကျေးရွာအုပ်စု၊ တာပတ် အရှေ့ကျေးရွာအုပ်စု၊ တာပတ်အနောက်ကျေးရွာအုပ်စုနှင့် မင်းဘောကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို ကျုံစုတ်ကျေးရွာရှိစကြာမုနိဆုတောင်းပြည့် ကြေးသွန်းဘုရားကြီး တန်ဆောင်းတော်အတွင်း သြဂုတ် ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မှုခင်းလျော့နည်းကျဆင်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးတို့ကို သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဌာနများ အလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွာင်မြို့နယ် ရေဦးကျေးလက်ဈေး၌ အသားရောင်းချမှုများ စစ်ဆေး

ရွာင် သြဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် စည်ပင်သာယာရေးဌာနမှ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် အသားများဝယ်ယူစားသုံးနိုင်ရေးအတွက် ရေဦးကျေးလက်ဈေးတွင် အသားရောင်းချမှုများစစ်ဆေးခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်နှင့် ဝန်ထမ်းများက ရေဦးကျေးလက်ဈေးအတွင်း သတ်မှတ်အသားဈေးနှုန်းများကို ပြည်သူများ သိရှိနိုင်ရန် ဖွိုနိုင်းများချိတ်ဆွဲခြင်း၊ လေလံစည်းကမ်းချက်များပါ အသားဈေးနှုန်းများအတိုင်း ရောင်းချမှုရှိ/မရှိ၊ အလေးချိန်ပြည့်ဝစွာရောင်းချမှုရှိ/မရှိ စသည်တို့ကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြသည်။ အဆိုပါ ဈေးတွင် ဝက်သား အရိုးပါ တစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဝမ်းတွင်းသား ငွေကျပ် ၁၀၀၀၀၊ အမဲသားအရိုးပါ တစ်ပိဿာ ငွေကျပ် ၁၆၀၀၀၊ ဝမ်းတွင်းသား ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့်ရောင်းချရန် သတ်မှတ်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘားအံမြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

ဘားအံ သြဂုတ် ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ အမှတ်(၁) မူလတန်းကြိုကျောင်းနှင့် အမှတ်(၂) မူလတန်းကြိုကျောင်းများသို့ သွားရောက်၍ ကလေးငယ်များကို စနစ်တကျ ပြုစုပျိုးထောင်ပေးရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ကျောင်းပတ်ဝန်းကျင်ဖြစ်စေရေး၊ ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ စွဲမြဲကျင့်သုံးသည့် ယဉ်ကျေးလိမ္မာသော ကလေးသူငယ်များဖြစ်စေရေး လေ့ကျင့်သင်ကြားပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ သံတောင်ကြီးနှင့် ကြာအင်းဆိပ်ကြီးမြို့များ၌ တာဝန်ထမ်းဆောင်နေသော လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံသားအားလုံး၏ မွေးသည်မှ အသက်အရွယ်ကြီးရင့်သည်အထိ လူမှုဘဝတစ်လျှောက်လုံး ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့ရသည့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ သဘာဝဘေးအန္တရာယ်အပါအဝင် ဘေးဒုက္ခကြုံတွေ့ရသူများကို ကူညီထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း စသည့် မွန်မြတ်သောလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်နေရသူများဖြစ်၍ မိမိတာဝန်များကို ထမ်းဆောင်ရင်းဖြင့်ပင် ကုသိုလ်များရနေကြောင်း၊ ဝန်ထမ်းအားလုံးသည် မိမိ၏လုပ်ငန်းနှင့်ပတ်သက်၍ ကျွမ်းကျင်သော၊ တော်သော ဝန်ထမ်းများဖြစ်ရန် လိုသကဲ့သို့ စိတ်ဓာတ်နှင့် ခံယူချက်ကောင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများအထိမ်းအမှတ် အခမ်းအနားတက်ရောက်

နေပြည်တော် သြဂုတ် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရိုးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို Grade–9 ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်းသီချင်းဖြင့်" သီဆိုဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးနိုင်စေရန်နှင့် ကျန်းမာပျော်ရွှင်သည့် ပညာသင်ယူမှုပတ်ဝန်းကျင်ကောင်းဖန်တီးနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးအဆင့်မြှင့် ကျောင်းများကိုလည်း ထူထောင်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ၏ ကျန်းမာရေးပြည့်စုံကောင်းမွန်နေရုံသာမက ဗဟုသုတပြည့်စုံသည့် လူငယ်များ မွေးထုတ်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများအပါအဝင် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍ၊ အခြားနီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် မိဘပြည်သူလူထုတို့ ပူးပေါင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးဌာနမှ ဆောင်ရွက်ထားရှိမှုများနှင့် နေပြည်တော် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ပညာရေးဌာနမှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Grade–5 ကျောင်းသား ကျောင်းသူများက "Go Away Corona" သီချင်းဖြင့်လည်းကောင်း၊ Grade–11 ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် လည်းကောင်း၊ Grade–8 ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အာဟာရအုပ်စုများအကြောင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်း၊ လက်ဆေးခြင်း၊ သွားတိုက်ခြင်း၊ School health record card and eye examination ပြခန်းများ၊ ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကျန်းမာရေး ကုသပေးနေမှုများကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ ထူးချွန်ထက်မြက်သော၊ လူရည်ချွန်ကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြား၍ သန်ချဆေးတိုက်ကျွေးပြီး အာဟာရလက်ဆောင်များ ပေးအပ်သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဧရာဝတီရိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ ဧရာဝတီရိုးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာများ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဧရာဝတီရိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်သူများအား ဧဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုနှင့် ဥဏှစမ်းပဟေဠိ ပြိုင်ပွဲအခမ်းအနား ကျင်းပ

ကြို့ပင်ကောက် သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုနှင့် ဥဏှစမ်းပဟေဠိ ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက ပန်းတင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးမြင့်အောင်က ကျောင်းသား ကျောင်းသူလေးများ ကျန်းမာရေး အသိပညာတိုးပွားလာပြီး ကျန်းမာကြံ့ခိုင်မှသာ ပညာသင်ကြားမှုအား အထောက်အကူဖြစ်ပြီး နိုင်ငံတော်အတွက် အားကိုးရသော သားကောင်း ရတနာလေးများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သူနာပြုဆရာမကြီး ဒေါ်သီတာနွယ်နှင့် သူနာပြုအဆင့်(၁) ဦးအေးနိုင်တို့က ကျောင်းကျန်းမာရေး လှုပ်ရှားမှု အစီအစဉ်များ ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များအား ရှင်းလင်းပြောကြားကာ ကျောင်းကျန်းမာရေး တာဝန်ခံ ဆရာဝန်ဒေါက်တာခိုင်သဏ္ဌာက ကျန်းမာရေးဗဟုသုတ ဥဏှစမ်းပဟေဠိ မေးခွန်းများ မေး၍ ကျန်းမာရေးဗဟုသုတများ မျှဝေပြီး အများဆုံးဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၇၁ ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ် အထက်တန်း၊ အလယ်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် သြဂုတ် ၁၁

ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် သြဂုတ် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ပြန်လည်လက်ခံ

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၀ ဦးတို့သည် ၎င်းတို့နှင့် အတူပါလာသည့် လက်လုပ်ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၉ မမ ကျည်ငါးတောင့်တို့ကို အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လက်နက်၊ ခဲယမ်းပါရှိမှုအတွက် ဆုကြေးငွေများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက် ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှု အတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် သြဂုတ် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နေ ထက်အောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "Zay Yar Htut" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (ဃ)ရပ်ကွက်နေ ဇေယျာထွဋ် (၁) မိုဟာမက်အား ည ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဩဂုတ်-၁၂-၂၀၂၃ စနေနေ့

MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ဝိရိတ်တရားတော်(အပုံလိမာလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သဘာဝအလှတရားတို့ထိတွေ့ခဲ့သည့်တစ်ခုက
- ၀၉:၃၅ New Future Program
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၀ ခံတွင်းမြိန်စရာသူ့လက်ရာ 'တပ်ကုန်းမြို့ကာ ငှက်ပျောဂူးထမင်းချဉ်သုပ်'
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ချန်တွန်းနှင့် အမိန့်၀ရအဟေါင်ဆိုင်'** (အပိုင်း-၂)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇာတြမှာမုန့်တိုင်း"** (အပိုင်း-၄၃)
- ၁၆:၂၅ ပုံပြင်ကမ္ဘာအစီအစဉ်
- ၁၆:၄၅ ရွှေတယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၅ စည်းလုံးကာရွှင်ပြူးလိုနွဲ့ကြသည်ပွဲ အာဝါရိုးရာစုပေါင်းနန်းစီးပွဲ
- ၁၇:၃၅ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (Video Clip)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်မျိုးမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဝိုင်ဆိုင်ခွင့်၀ရှိတဲ့အချစ်နိုဂုံး"** (အပိုင်း-၁၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုးလေ၀ေသအခြေအနေ
- ၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရုပ်) **"ရာ၀ဝင်ကြိုသီသူများ"**
- ၂၁:၄၀ ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ **"အညာမီသွားတဲ့အညာသားလေး"**

mitv

- 07:01 Evergreen Classic : Migadawon (Tekkatho Lei Lei)
- 07:10 Weekly Review
- 07:27 Goldsmith
- 07:32 Well-trained Elephants
- 07:42 Myanmar Designer Studio: Min Min Myat
- 08:01 News
- 08:26 International Youth Day
- 08:33 Palm-leaf Inscriptions and Parabaiks from Inlay Region
- 08:43 NexGen: Su Lin Lae
- 09:01 Quiz Time (Ep-8)
- 10:01 News
- 10:26 Beasts of Asia (Philippine)
- 10:47 Scented Buddha Images

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** မွန်စာပေသင်ကြားရေအောင်(အပိုင်း-၄)
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** မာရင်ပါးပါးဘုရားပူးကြမယ်
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှင်းဘာသာစကားပြောကြရအောင်(အပိုင်း-၉)
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** ပျော်ရွှင်စရာ '၀' ရိုးရာစကောထမင်းဝိုင်း
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ခြင်းတောင်းရက်ရုပ်ခြင်းလက်မှုပညာ
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာ၀ေလှ ဆိုရိုးစကားများ(အပိုင်း-၁)
- **၀ဂေးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ရာ၀ဝင်ထဲကရွာလေးတစ်ရွာ
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ရုံးပတီသီးနှင့်ကျွန်းမာရေး
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်မြေတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့လေ့
- **ချင်း (လိုင်စီး) (၂၁:၀၀ မှ ၂၂:၀၀)** ဝဥအကြောင်းသိကောင်းစရာ
- **ချင်း (ချီး) (၂၂:၀၀ မှ ၂၃:၀၀)** ထောပတ်သီးကြက်ဥလပ်နှင့် ထောပတ်သီးကြက်ဥပါင်း

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ ဝေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၀၀ MRTV National News
- ၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၂:၁၅ အောင်ဘာလေထီ (အင်္ဂလိပ်စာတန်းထိုး)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တစ်လင်နှင့်တစ်ယား'**
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့်ဇေ့စ်ပ် ဖြေရှင်းရေးစနစ်
- ၁၁:၀၀ နိုင်ငံတကာဌေးကောက်ပွဲများအကြောင်း (အာဇရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄)

MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွေတ်ခွန်းဆက်
- ၀၆:၃၀ တနင်္ဂနွေ ကြီးပြင်ကျင်းဆင်ကြ ပြုပြင်ကျွေးလက်ရှိမှုဘဝဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၂:၀၀ ပိန်းပမ်ထဟာ(အပိုင်း-၂)(ရုပ်ရှင်ဇာတ်လမ်း)
- ၁၃:၀၀ ကျွန်ုပ်ဘဝ်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၁)(ရုပ်သံဇာတ်လမ်းတွဲ)
- ၁၃:၃၀ Seven Success Stories From Northeastern Thailand
- ၂၂:၀၀ Modern Agriculture Machines
- ၂၂:၃၀ A Day in the LIFE as a FULL TIME Farming & Blogging Family!
- ၂၃:၀၀ ကားလန်ဖမ်းဘာတေတို့(အပိုင်း-၁)(ရုပ်ရှင်ဇာတ်လမ်း)

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်/ နိုင်ငံတော်သီချင်း
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၃၀ Sports Diary-11 (Thiago Alcantara-Football)
- ၁၃:၃၀ Chengdu Special (EP-5)
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအတင်းဆား'** (အပိုင်း-၃၄)

Education Channel ကို ဒေတာ(၅)နာရီ (၆)နာရီ (၆ကြိမ်နှုန်း (၂၅)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ရန်ကုန် – မန္တလေး ရထားလမ်း ပဲခူး–ဘုရားကြီးဘူတာကြား မိုင်တိုင် ၄၆/၁၅ မှ ၄၇/၃ အထိ ရထားသံလမ်းပေါ် ရေကျော်နေမှုကို တွေ့ရစဉ်။

ရန်ကုန်–မန္တလေးရထားခရီးစဉ်များ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီးအတွင်း သြဂုတ် ၁၀ ရက်နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ပဲခူးမြို့နှင့် အနီးပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသဖြင့် ယမန်နေ့ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က ရန်ကုန်–မန္တလေးရထားလမ်း ပဲခူး–ဘုရားကြီးဘူတာကြား မိုင်တိုင် ၄၆ မိုင် ၁၅ ဖာလုံမှ ၄၇ မိုင် ၃ ဖာလုံအထိ ရထားလမ်းပိုင်းသံလမ်းပေါ် ၁၀ လက်မခန့်ရေကျော်မှု ဖြစ်ပွားခဲ့ပြီး ရထားများ စေလွှတ်ရန် မဖြစ်နိုင်သဖြင့် ပဲခူး–ဘုရားကြီးလမ်းပိုင်းအား ညနေ ၆ နာရီ ၄၁ မိနစ်တွင် ပိတ်ထားခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် အမှတ်(၅)အဆန်လူစီးအမြန်ရထားသည် ခရီးသည် ၃၈၉ ဦးဖြင့် ည ၇ နာရီတွင်လည်းကောင်း၊ အမှတ်(၃)အဆန်လူစီးအမြန်ရထားသည် ခရီးသည် ၃၂၈ ဦးဖြင့် ည ၇ နာရီတွင်လည်းကောင်း၊ အမှတ်(၁)အဆန်စာပို့ရထားသည် ခရီးသည် ၃၂၈ ဦးဖြင့် ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ပဲခူးဘူတာသို့ ရောက်ရှိ ရပ်တန့်ခဲ့ရသည်။

အဆိုပါ ရထားပေါ်လိုက်ပါစီးနင်းလာသူ ခရီးသည်များ၏ လုံခြုံရေးနှင့် အစားအသောက်များ အဆင်ပြေစေရေးတို့အတွက် မြန်မာ့မီးရထားနှင့် ရထားရဲတပ်ဖွဲ့၊ သက်ဆိုင်ရာဒေသအာဏာပိုင်များ ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အမှတ်(၉၉၄)အစုန်ကုန်ရထားသည် ပျဉ်ပုံကြီးဘူတာသို့ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ အမှတ် (၉၂၄) အစုန်ကုန်ရထားသည် ကဒုတ်ဘူတာသို့ ညနေ ၆နာရီ ၄၅ မိနစ် တွင်လည်းကောင်း၊ အမှတ် (၂၇၂) အစုန်ကုန်ရထားသည် ကလိဘူတာသို့ ညဧ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၉၀၄) အစုန်ကုန်ရထားသည် ပိန်းဇလုပ်ဘူတာသို့ ည ၈ နာရီ ၅၅မိနစ်တွင်လည်းကောင်း ပဲခူးဘူတာသို့ ရောက်ရှိ ရပ်တန့်ခဲ့ရသည်။

အမှတ်(၂) အစုန်စာပို့ရထားသည် ပြွန်တန်ဆာ ဘူတာသို့ ယနေ့နံနက် ၂ နာရီ ၂၃ မိနစ်တွင် လည်းကောင်း၊ အမှတ်(၆)အစုန်လူစီးအမြန်ရထား သည် ခရီးသည် ၆၀၉ ဦးဖြင့် ပျဉ်ပုံကြီးဘူတာသို့ နံနက် ၅ နာရီ ၁၇ မိနစ်တွင်လည်းကောင်း၊ အမှတ်(၄) အစုန် လူစီးအမြန်ရထားသည် ခရီးသည် ၄၂၅ ဦးဖြင့် ဒိုက်ဦးဘူတာသို့ နံနက် ၆ နာရီခွဲတွင်လည်းကောင်း ရောက်ရှိရပ်တန့်ခဲ့ကြောင်းနှင့် နံနက် ၉ နာရီ ၃၅ မိနစ်တွင် တိုင်းတာချက်အရ သံလမ်းပေါ်သို့ ရေရှစ်လက်မကျော်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက် ၁၀ နာရီခွဲမှစ၍ ပဲခူးဘူတာရှိ အမှတ်(၅)အဆန်နှင့် အမှတ်(၃) အဆန် လူစီးအမြန်ရထားသည် ကျောက်တန်းဘူတာသို့ ည ၁၁ နာရီ ၁၇ မိနစ်တွင်လည်းကောင်း ရောက်ရှိခဲ့သည်။

အမှတ်(၂) အစုန်စာပို့ရထားသည် ပြွန်တန်ဆာ ဘူတာသို့ ယနေ့နံနက် ၂ နာရီ ၂၃ မိနစ်တွင် လည်းကောင်း၊ အမှတ်(၆)အစုန်လူစီးအမြန်ရထား သည် ခရီးသည် ၆၀၉ ဦးဖြင့် ပျဉ်ပုံကြီးဘူတာသို့ နံနက် ၅ နာရီ ၁၇ မိနစ်တွင်လည်းကောင်း၊ အမှတ်(၄) အစုန် လူစီးအမြန်ရထားသည် ခရီးသည် ၄၂၅ ဦးဖြင့် ဒိုက်ဦးဘူတာသို့ နံနက် ၆ နာရီခွဲတွင်လည်းကောင်း ရောက်ရှိရပ်တန့်ခဲ့ကြောင်းနှင့် နံနက် ၉ နာရီ ၃၅ မိနစ်တွင် တိုင်းတာချက်အရ သံလမ်းပေါ်သို့ ရေရှစ်လက်မကျော်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက် ၁၀ နာရီခွဲမှစ၍ ပဲခူးဘူတာရှိ အမှတ်(၅)အဆန်နှင့် အမှတ်(၃) အဆန် လူစီးအမြန်ရထားပေါ်မှ ခရီးသည်များကို ပျဉ်ပုံကြီးဘူတာသို့ လည်းကောင်း၊ ပျဉ်ပုံကြီးဘူတာရှိ အမှတ်(၆)အစုန်နှင့် အမှတ်(၄)အစုန် လူစီးအမြန်ရထားပေါ်မှ ခရီးသည်များကို ပဲခူးဘူတာသို့လည်းကောင်း RBE ရထားသုံးစင်းဖြင့် ရွှေ့ပြောင်းပေးခဲ့ပြီး လိုရာခရီးသို့ဆက်လက်ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရထားလမ်း ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချရသည့်အခြေအနေရှိပါက ကျန်ရှိသော လူစီးရထားများကို ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါရေလွှမ်းမိုးသည့် ရထားလမ်းပိုင်းသည် ယနေ့ညနေ ၆ နာရီခွဲခန့်တွင် ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားများကို ပုံမှန်ပြန်လည်စေလွှတ်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တောင်ငူ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေး ဆွေးနွေး

တောင်ငူ သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နင်းနန္ဒာလှိုင်က အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးနေထွန်းဝင်းနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်တို့က MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (ပြန်/ဆက်)**

ပေါက်ခေါင်းမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အခမ်းအနား ကျင်းပ

ပေါက်ခေါင်း သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(အိုးဘိုကုန်း)၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးလှိုင်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်မျိုးမြတ်၏ လမ်းညွှန်မှုဖြင့် ဓမ္မသော်တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးမင်းဇော်က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၉)ရပ်နှင့် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ဗီဒီယိုကလစ်ဖြင့် အသိပညာပေးရှင်းလင်းပြောကြားသည်။

ယင်းနောက်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးလှိုင်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားဆောင်ရွက်မှု နံရံကပ်စာစောင်၊ ပန်းချီနှင့် ပိုစတာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

သထုံမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများထံ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

သထုံ သြဂုတ် ၁၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒုံသမိချောင်းရေမြင့်တက်လာရာ ရေဘေးလွတ်ရာရှောင်တိမ်းနေထိုင်ကြသည့် ဒူးရင်းဆိပ်ကျေးရွာနှင့် ဈေးမသွယ်(အထက်) ကျေးရွာအနိမ့်ပိုင်းတို့မှ ရေဘေးရှောင်ပြည်သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ယနေ့ မွန်းလွဲပိုင်းက အခြေခံစားသောက်ကုန်များကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒူးရင်းဆိပ်ကျေးရွာ ရွာလယ်ခမ္မာရုံနှင့် ဈေးမသွယ်(အထက်) ကျေးရွာရန်ကင်းအောင်ကျောင်းတိုက် ခမ္မာရုံတို့၌ ရေဘေးရှောင်ပြည်သူများကို တွေ့ဆုံအားပေးစကားများပြောကြားကာ တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ရေသန့်နှစ်ကတ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၁ သိန်း ၆ သောင်းတန်ဖိုးခန့်ရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးတို့ကို ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

သထုံမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းပြီး ဒုံသမိချောင်းရေ မြင့်တက်လာသဖြင့် ရေလွတ်ရာဖြစ်သည့် ဒူးရင်းဆိပ်ကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၆၄ စုမှ လူဦးရေ ၂၈၁ ဦး၊ ရွာလယ်ခမ္မာရုံတို့၌ အိမ်ထောင်စု ၃၀ မှ လူဦးရေပေါင်း ၁၂၃ ဦးနှင့် ဈေးမသွယ်(အထက်)ကျေးရွာ ရန်ကင်းအောင်ဘုန်းတော်ကြီးကျောင်း ခမ္မာရုံ၌ အိမ်ထောင်စု ၂၀ မှ လူဦးရေ ၈၈ ဦးတို့ကို တာဝန်ရှိသူတို့က ပြောင်းရွှေ့နေရာချထားပေးခဲ့ကြပြီး ရေဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ လုံခြုံရေး၊ ကျန်းမာရေး အစရှိသည့် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နိုင်ငံတကာလူငယ်များနေ့နှင့် အစိမ်းရောင်ကျွမ်းကျင်မှု

— — — — သိန်းထွန်း (IR) — — — —

နှစ်စဉ် သြဂုတ်လ ၁၂ ရက်နေ့ဟာ နိုင်ငံတကာ လူငယ်များနေ့ဖြစ်ပါတယ်။ လူငယ်များနဲ့ပတ်သက်လို့ ကမ္ဘာတစ်ဝန်း အသိပညာကျယ်ပြန့်စေဖို့အတွက် နိုင်ငံတကာလူငယ်များနေ့ကို ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။

၁၉၉၉ ခုနှစ်မှာ ကုလသမဂ္ဂက ဆုံးဖြတ်ချက် အမှတ် ၅၄/၁၂၀ နဲ့ သြဂုတ်လ ၁၂ ရက်နေ့ကို နိုင်ငံတကာလူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ် သြဂုတ်လ ၁၂ ရက်နေ့မှစပြီး နိုင်ငံတကာလူငယ်များနေ့ကို ကျင်းပခဲ့ပါတယ်။ အခုဆိုရင် နိုင်ငံတကာလူငယ်များနေ့ ကျင်းပခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ ဒီလိုနှစ်စဉ်ကျင်းပခဲ့တဲ့ နိုင်ငံတကာလူငယ်များနေ့မှာ လူငယ်တွေနဲ့ဆိုင်တဲ့ ဆောင်ပုဒ်တွေချမှတ်ပြီး သက်ဆိုင်ရာနိုင်ငံတွေအလိုက် အကောင်အထည်ဖော်ကြပါတယ်။ အခု ၂၀၂၃ ခုနှစ် နိုင်ငံတကာလူငယ်များနေ့အတွက် ဆောင်ပုဒ်ကတော့ “Green Skills for Youth: Towards a Sustainable World” ဖြစ်ပါတယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ လူငယ်တွေအတွက် အစိမ်းရောင်ကျွမ်းကျင်မှုတွေ ရရှိစေဖို့ပါ။

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့အစိမ်းရောင်အပြောင်းအလဲနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဟာ လူထုအတွင်း အစိမ်းရောင်ကျွမ်းကျင်မှုတိုးတက်လာမှုအပေါ် မျှားစွာတည်မှီနေပါတယ်။ ပြည်သူလူထုအတွင်းမှာ အစိမ်းရောင်ကျွမ်းကျင်မှု တိုးတက်ပျံ့နှံ့လာလေ ပြောင်းလဲမှု ထိရောက်တိုးတက်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးနိုင်မှာပါ။ ဒါကြောင့် အစိမ်းရောင်အသွင်ကူးပြောင်းရေး အောင်မြင်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတဲ့လူငယ်တွေကို အစိမ်းရောင်ကျွမ်းကျင်မှု ဖြည့်ဆည်းပေးနိုင်ဖို့ အခုနှစ် နိုင်ငံတကာလူငယ်များနေ့မှာ အဓိကတိုက်တွန်းထားတာကို တွေ့ရပါတယ်။

အစိမ်းရောင်ကျွမ်းကျင်မှု

အစိမ်းရောင်ကျွမ်းကျင်မှုတွေဆိုတာက “အသိပညာ၊ အရည်အချင်း၊ တန်ဖိုးထားမှုတွေနဲ့ နေထိုင်ရပ်တည်ဖို့အတွက် လိုအပ်တဲ့သဘောထားတွေ၊ ရေရှည်တည်တံ့ခိုင်မြဲပြီး သဘာဝရင်းမြစ်တွေကို အကျိုးရှိရှိအသုံးချတဲ့ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် သို့ ပံ့ပိုးကူညီရေး” တို့ဖြစ်တယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။

အစိမ်းရောင်ကျွမ်းကျင်မှုတွေက အသက်အရွယ်မရွေး လူတိုင်းနဲ့သက်ဆိုင်ပါတယ်။ လူတိုင်းနဲ့သက်ဆိုင်တာမှန်ပေမယ့် အဲဒီကျွမ်းကျင်မှုတွေက အစိမ်းရောင်အကူးအပြောင်းကို အချိန်ကြာမြင့်စွာ ပံ့ပိုးပေးနိုင်တဲ့ လူငယ်တွေအတွက် ပိုပြီးအရေးကြီးပါတယ်။ လူငယ်တွေဟာ လက်ရှိအချိန်ကာလကို ပိုင်ဆိုင်ထားကြသလို အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားကြပါတယ်။ ဒါကြောင့် ကမ္ဘာကြီးမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူငယ်တွေမှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေပိုင်ဆိုင်ဖို့ ပံ့ပိုးပေးကြရမှာဖြစ်ပါတယ်။

အစိမ်းရောင်ကျွမ်းကျင်မှုများ၏ အရေးပါမှု

ကုလသမဂ္ဂက ကမ္ဘာကြီးကို အစိမ်းရောင်ကူးပြောင်းရေးလုပ်ဆောင်ရာမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍနဲ့ အစိမ်းရောင်ကျွမ်းကျင်မှုတွေရဲ့ အရေးပါမှုကို မီးမောင်းထိုးပြထားပါတယ်။ နိုင်ငံအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွေ အကောင်အထည်ဖော်ကြရာမှာ လူငယ်တွေဟာ အစိမ်းရောင်အလုပ်အကိုင်တွေနဲ့ တိုက်ရိုက်ဆက်နွယ်လျက်ရှိပါတယ်။

နိုင်ငံတကာ အလုပ်သမားအဖွဲ့ကြီးအဆိုအရ အစိမ်းရောင်အပြောင်းအလဲကြောင့် ၂၀၃၀ မှာ လူငယ်တွေအတွက် အလုပ်အကိုင် ၈ သန်း ဖန်တီးပေးနိုင်မယ်လို့ဆိုပါတယ်။ အဲဒီအလုပ်အကိုင်တွေဟာ အစိမ်းရောင်ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်ပေးခြင်းနဲ့ ဝန်ဆောင်မှုတွေပေးခြင်းဖြစ်ပါတယ်။ အဲဒီအလုပ်အကိုင်တွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်တဲ့လုပ်ဆောင်မှုတွေကို ပံ့ပိုးကူညီပေးတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ဒါမှမဟုတ် မူလအတိုင်းပြန်လည်ဖန်တီးခြင်းကို အထောက်အကူဖြစ်စေပါတယ်။

လူငယ်တွေအနေနဲ့ အစိမ်းရောင်ကျွမ်းကျင်မှုတွေ ပြည့်ဝနေမယ်ဆိုရင် သူတို့အနေနဲ့ ယိုယွင်းလာနေတဲ့သဘာဝပတ်ဝန်းကျင်ကို အောင်မြင်အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပြီး အခွင့်အလမ်းတွေလည်း ရရှိစေမှာဖြစ်ပါတယ်။ အစိမ်းရောင်ကျွမ်းကျင်မှုတွေနဲ့ပတ်သက်လို့ ကမ္ဘာတစ်ဝန်းမှာ အသိအမှတ်ပြုတာတွေ တိုးမြင့်နေပေမယ့် တွေ့ရှိချက်တွေအရ ဆိုရင် လူငယ်များကြားမှာ အဲဒီလိုကျွမ်းကျင်မှုတွေ အားနည်းနေတယ်လို့ဆိုပါတယ်။ အစိမ်းရောင်ကမ္ဘာကြီးတစ်ခုဆီ ပြောင်းလဲနေတဲ့အခြေအနေမှာ

> **“လူငယ်တွေအနေနဲ့ အချို့နေရာတွေမှာ စိန်ခေါ်မှုတွေရှိတယ်ဆိုပေမယ့် တစ်ဖက်မှာလည်း တိုးတက်ပြောင်းလဲမှုနဲ့ အခွင့်အလမ်းများစွာရှိနေပါတယ်။ လူငယ်တွေအနေနဲ့ အခွင့်အလမ်းတွေကို ဖမ်းဆုပ်နိုင်ဖို့အတွက် မှန်ကန်တဲ့အရည်အချင်းတွေ တိုးတက်ဖို့ လိုအပ်ပါတယ်။ လူမှုဆက်ဆံရေး၊ အသင်းအဖွဲ့စိတ်၊ ပိုင်းခြားဝေဖန်စဉ်းစားမှုနဲ့ လိုက်လျောညီထွေရှိမှု စတဲ့အရည်အသွေးတွေဟာ အသက်မွေးလုပ်ငန်းအတွက်သာမက ကိုယ်ပိုင်ဘဝအတွက်ပါ အရေးပါပါတယ်။ အထူးသဖြင့် အစိမ်းရောင်အပြောင်းအလဲတွေ ကြိုးပမ်းနေချိန်မှာ အနာဂတ်တာဝန်တွေကို လက်ဆင့်ကမ်းယူကြမယ့် လူငယ်တွေမှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေပြည့်ဝဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမယ့်အချိန်ဖြစ်”**

ကျွမ်းကျင်မှုကွာဟချက်တွေကြောင့် လူငယ်တွေ ပူးပေါင်းပါဝင်ဖို့အတွက် အခက်အခဲတွေရှိနေပါတယ်။ တကယ်လို့များ အခုလိုအခက်အခဲတွေ ဆက်ရှိနေမယ်ဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ လူငယ် ၆၀ ရာခိုင်နှုန်းကျော်ဟာ အစိမ်းရောင်စီးပွားရေးမှာ ရှင်သန်တိုးတက်ဖို့ လိုအပ်တဲ့ကျွမ်းကျင်မှုတွေ လျော့နည်းသွားနိုင်တယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။ ဒါကြောင့် အစိမ်းရောင်ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မူဝါဒတွေ ကိုက်ညီဖို့နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံဖို့ လိုအပ်ကြောင်း ကုလသမဂ္ဂက တိုက်တွန်းထားပါတယ်။

နိုင်ငံတကာလူငယ်များနေ့ ဦးတည်ချက်

လူငယ်တွေမှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေ ပြည့်ဝစေဖို့အတွက် ကုလသမဂ္ဂက ၂၀၂၃ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ရည်မှန်းချက် လေးချက် ချမှတ်ထားပါတယ်။ အဲဒီရည်မှန်းချက်မှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေမြှင့်တင်ရေးနဲ့ အစိမ်းရောင်အပြောင်းအလဲမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ရမှာတွေ ပါဝင်ပါတယ်။ အဲဒီဦးတည်ချက်တွေကတော့ -

၁။ အစိမ်းရောင်အသွင် ကူးပြောင်းရေးမှာ လူငယ်တွေရဲ့ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုးပြရင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် အစိမ်းရောင်ကျွမ်းကျင်မှုတွေနဲ့ သူတို့ရဲ့ဆက်စပ်မှုကို အသိပညာပေးမြှင့်တင်ရန်၊

၂။ အစိမ်းရောင်အတတ်ပညာဟာ လူငယ်တွေအတွက် အရေးပါတာကို သက်ဆိုင်သူတွေ သိရှိနားလည်စေဖို့အတွက် လိုအပ်တဲ့အသိပညာနဲ့ သတင်းအချက်အလက်တွေကို ပံ့ပိုးပေးရန်၊

၃။ လူငယ်တွေကြားမှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်လာစေမယ့် မူဝါဒတွေနဲ့ လိုက်နာကျင့်သုံးမှုတွေပြသရန်၊

၄။ အထက်မှာပါတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်လို့ သက်ဆိုင်သူတွေအကြား အမြင်ချင်းဖလှယ်ဖို့အတွက် အားလုံးပါဝင်တဲ့ ပလက်ဖောင်းတစ်ခု ပံ့ပိုးပေးရန်တို့ဖြစ်ပါတယ်။

အရေးပါသည့် လူငယ်အင်အား

လူငယ်ဆိုတဲ့ အသက်အုပ်စုသတ်မှတ်ချက်နဲ့ ပတ်သက်လို့ အများသဘောတူထားတဲ့ နိုင်ငံတကာ အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးပါဘူး။ ဒါပေမဲ့ စာရင်းဇယားတွေမှာ အသုံးပြုဖို့အတွက် ကုလသမဂ္ဂက လူငယ်ဆိုတာ အသက် (၁၅) နှစ်နဲ့ (၂၄) နှစ်အကြားရှိတဲ့သူကို လူငယ်အဖြစ် သတ်မှတ်ထားပါတယ်။ ဒီသတ်မှတ်ချက်အပေါ်မူတည်ပြီး ကုလသမဂ္ဂက လူဦးရေပျံ့နှံ့မှု၊ ပညာရေး၊ အလုပ်အကိုင်နဲ့ ကျန်းမာရေးဆိုင်ရာအချက်အလက်တွေမှာ အသုံးပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် လူငယ်ရဲ့အသက်သတ်မှတ်ချက်ကို လူငယ်ရေးရာမူဝါဒ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ “လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်” လို့ သတ်မှတ်ထားပါတယ်။

ကုလသမဂ္ဂရဲ့ အသက်သတ်မှတ်ချက်အရ ဒီကနေ့လူငယ်ပမာဏအနေနဲ့ ၁ ဒသမ ၂ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းရှိကြောင်း ကုလသမဂ္ဂစာရင်းတွေအရ သိရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ၂၀၁၄ သန်းခေါင်စာရင်းအရ လူငယ်ဦးရေဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၃၃ ဒသမ ၈၁ ရာခိုင်နှုန်းရှိပါတယ်။ ကုလသမဂ္ဂရဲ့သတ်မှတ်ချက်အရဖြစ်ဖြစ်၊ မြန်မာနိုင်ငံရဲ့ သတ်မှတ်ချက်အရ ဖြစ်ဖြစ် လူငယ်ပမာဏဟာ သက်ဆိုင်ရာလူဦးရေရဲ့ ကြီးမားတဲ့အချိုးအစားတစ်ခုအနေနဲ့ ပါဝင်နေပါတယ်။ အခုလို လူဦးရေအချိုးအစားပမာဏ ကြီးမားနေခြင်းဟာ သက်ဆိုင်ရာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောအင်အားတစ်ရပ်လို့ ဆိုနိုင်ပါတယ်။

လူငယ်များအတွက် လိုအပ်ချက်

ယနေ့လူငယ်တွေရဲ့အခြေအနေဟာယေဘုယျအားဖြင့် ယခင်မျိုးဆက်တွေထက် ပိုပြီးကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ လူငယ်တွေရဲ့အခြေအနေတွေ ပိုမိုကောင်းမွန်တယ်ဆိုပေမယ့် လူငယ်အများစုဟာ ပညာရေး၊ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေးစိန်ခေါ်မှု၊ အလုပ်အကိုင်ရရှိမှု၊ သဘာဝပတ်ဝန်းကျင်နဲ့ ရာသီဥတုပြောင်းလဲမှု၊ မူးယစ်ဆေး၊ ကျား/မ မညီမျှမှု၊ ရွှေ့ပြောင်းသွားလာမှုနဲ့ ပဋိပက္ခရဲ့အကျိုးဆက်တွေကို ပြင်းပြင်းထန်ထန်ခံစားနေရတာတွေလည်း ရှိနေပါတယ်။ ဒီစိန်ခေါ်မှုတွေဟာ နေရာဒေသအလိုက် ကွဲပြားတာတွေတော့ရှိပါတယ်။ အချို့ဒေသတွေမှာဆိုရင် ပြင်းထန်တဲ့ စိန်ခေါ်မှုတွေကြောင့် လူငယ်တွေရဲ့အနာဂတ်နဲ့ နိုင်ငံရဲ့အနာဂတ်အပေါ် ဆိုးကျိုးသက်ရောက်နေတာလည်း ရှိကြပါတယ်။

လူငယ်တွေအနေနဲ့ အချို့နေရာတွေမှာ စိန်ခေါ်မှုတွေရှိတယ်ဆိုပေမယ့် တစ်ဖက်မှာလည်း တိုးတက်ပြောင်းလဲမှုနဲ့ အခွင့်အလမ်းများစွာရှိနေပါတယ်။ လူငယ်တွေအနေနဲ့ အခွင့်အလမ်းတွေကို ဖမ်းဆုပ်နိုင်ဖို့အတွက် မှန်ကန်တဲ့အရည်အချင်းတွေ တိုးတက်ဖို့ လိုအပ်ပါတယ်။ လူမှုဆက်ဆံရေး၊ အသင်းအဖွဲ့စိတ်၊ ပိုင်းခြားဝေဖန်စဉ်းစားမှုနဲ့ လိုက်လျောညီထွေရှိမှုစတဲ့အရည်အသွေးတွေဟာ အသက်မွေးလုပ်ငန်းအတွက်သာမက ကိုယ်ပိုင်ဘဝအတွက်ပါ အရေးပါပါတယ်။ အထူးသဖြင့် အစိမ်းရောင်အပြောင်းအလဲတွေကြိုးပမ်းနေချိန်မှာ အနာဂတ်တာဝန်တွေကို လက်ဆင့်ကမ်းယူကြမယ့် လူငယ်တွေမှာ အစိမ်းရောင်ကျွမ်းကျင်မှုတွေပြည့်ဝဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမယ့်အချိန် ဖြစ်ပါတယ်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု

ကမ္ဘာကြီးဟာ ပြောင်းလဲမှုတွေနဲ့ တိုးတက်နေပါတယ်။ ဒါပေမဲ့ အခြားတစ်ဖက်မှာ လူသားတွေကို ရေရှည်ထိခိုက်စေနိုင်တဲ့ခြိမ်းခြောက်မှုတွေ ရှိနေပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုတွေဟာ လူသားတစ်ရပ်လုံးရဲ့ ရေရှည်ရှင်သန်ရပ်တည်ရေးနဲ့ တိုးတက်ရေးအတွက် ခြိမ်းခြောက်မှုတွေဖြစ်နေပါတယ်။ ပိုမိုပြင်းထန်လာတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွေကြောင့် အနာဂတ်အတွက် မသေချာမရေရာမှုတွေ ပိုပြီးဖြစ်နေတာ ကြာပါပြီ။ ဒါကို တားဆီးကာကွယ်ဖို့အတွက် ထိရောက်တဲ့ ကြိုးပမ်းအားထုတ်မှုတွေ လုပ်ဆောင်ကြရပါဦးမယ်။ အားလုံးပါဝင်ပြီး ထိရောက်တဲ့ တားဆီးကာကွယ်တာတွေ အားနည်းနေရင် အဲဒီရဲ့အကျိုးဆက်တွေက လက်ရှိမျိုးဆက်တွေကို ထိခိုက်စေရုံသာမကပါဘူး။ အနာဂတ်မျိုးဆက်သစ်တွေကိုလည်း ထိခိုက်စေပါလိမ့်မယ်။

ဒါကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာတဲ့ဆိုးကျိုးတွေကို ထိထိရောက်ရောက် တားဆီးကာကွယ်ရေးဟာ ဦးစားပေးကဏ္ဍတစ်ခုဖြစ်နေပါတယ်။ စကြဝဠာအတွင်းက တစ်ခုတည်းသောကမ္ဘာဆိုတဲ့ အတိုင်း လူသားတို့ရဲ့ကမ္ဘာမြေကြီး ကျန်းမာနေမှ အနာဂတ်မျိုးဆက်တွေကို လက်ဆင့်ကမ်းနိုင်မှာပါ။ တစ်ဖက်မှာ ဖွံ့ဖြိုးရေးလုပ်တာမှန်ပေမယ့် တစ်ဖက်မှာ ကြီးမားတဲ့ပျက်စီးမှုတွေရှိနေရင် အိပ်ပေါက်နဲ့ ဖားကောက်သလိုပါပဲ။ **စာမျက်နှာ ၁၇ သို့**

❁ စာမျက်နှာ ၁၆ မှ

ဒါကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဖို့နဲ့ ထိန်းသိမ်းကာကွယ်ဖို့အတွက် အစိမ်းရောင် တိုးတက်မှုဖြစ်အောင် မျိုးဆက်သစ်လူငယ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်ပါလိမ့်မယ်။

လူငယ်များ၏အခန်းကဏ္ဍ

မြန်မာစကားမှာ ယနေ့လူငယ် နောင်ဝယ် လူကြီးလို့ဆိုပါတယ်။ လူငယ်တွေဟာ အနာဂတ်ကို ပိုင်စိုးသူတွေဖြစ်ပါတယ်။ ယနေ့လူငယ်တွေဟာ ဖွံ့ဖြိုးတိုးတက်ရေးမှာ ဦးစားပေးဖြစ်တယ်လို့ ကုလသမဂ္ဂကလည်း ဆိုထားပါတယ်။ ဒါကြောင့်မို့ ကမ္ဘာကြီးနဲ့ နိုင်ငံအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ လူငယ်တွေအနေနဲ့ အဓိကအခန်းကဏ္ဍက နေပါဝင်နိုင်အောင် လက်တွဲလုပ်ဆောင်ကြရမှာပါ။ လူငယ်တွေနဲ့ပူးပေါင်းလုပ်ဆောင်ခြင်းဟာ မျိုးဆက်တစ်ခုနဲ့တစ်ခုအကြား လက်ဆင့်ကမ်းခြင်းဖြစ်ပါတယ်။ မျိုးဆက်တွေအကြား မှန်ကန်တဲ့လက်ဆင့်ကမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေကသာ ရေရှည်တိုးတက်ရေးကို ဦးတည်နိုင်မှာဖြစ်ပါတယ်။

ဒီကနေ့ လူသားတွေနဲ့ သက်ရှိသတ္တဝါတွေအားလုံး ရင်ဆိုင်နေကြရတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွေဟာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်စုတည်းကိုပဲ ထိခိုက်နေတာမဟုတ်ပါဘူး။ လူသားမျိုးနွယ်အားလုံး ရင်ဆိုင်နေကြရတာပါ။ ဒါကြောင့် ကမ္ဘာကြီးမှာ အစိမ်းရောင်အပြောင်းအလဲတွေ လုပ်ဆောင်နေကြပါတယ်။ အစိမ်းရောင်အပြောင်းအလဲက ကမ္ဘာကြီးပေါ်မှာရှိကြတဲ့ သက်ရှိ၊ သက်မဲ့အားလုံးအတွက်ဖြစ်ပါတယ်။ အဲဒီအပြောင်းအလဲမှာ အနာဂတ်ကို ဆက်လက်တာဝန်ယူကြမယ့် လူငယ်တွေဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒါကြောင့် အစိမ်းရောင်အပြောင်းအလဲကို ရေရှည်ပံ့ပိုးကူညီနိုင်မယ့် လူငယ်တွေရဲ့အရေးပါမှုကို ၂၀၂၃ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ရဲ့ ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားတာတွေ့ရပါတယ်။

ကြီးမားသောစွမ်းအား

လူငယ်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကို ကိုယ်စားပြုနေရုံသာမကဘဲ လူ့အဖွဲ့အစည်းရဲ့ ပြောင်းလဲမှုနဲ့ တိုးတက်မှုတွေကို ကိုယ်စားပြုမှုတစ်ခုလို့လည်း ဆိုကြပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုမှာ လူငယ်တွေရဲ့အရေးပါမှုနဲ့ ကြီးမားတဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ ဒီတော့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာမှာဖြစ်ဖြစ်၊ လက်ရှိရင်ဆိုင်နေရတဲ့အခက်အခဲတွေ ကျော်လွှားဖို့ပဲဖြစ်ဖြစ် လူငယ်တွေနဲ့ အပြည့်အဝပူးပေါင်းလုပ်ဆောင်နိုင်ဖို့ လူငယ်တွေကို ဘက်စုံမြှင့်တင်ပေးကြရမှာဖြစ်ပါတယ်။ လူငယ်တွေမှာ ဗလငါးတန်ပြည့်ဝလာတာနဲ့အမျှ နိုင်ငံနဲ့လူမှုအသိုက်အဝန်းအတွက် ထူးချွန်ထက်မြက်တဲ့ အရင်းအမြစ်တွေဖြစ်လာပြီး ကြီးမားတဲ့တွန်းအားတွေရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် လည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံအလိုက် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ဆိုင်တဲ့ မူဝါဒတွေ၊ စီမံကိန်းတွေ ချမှတ်အကောင်အထည်ဖော်နေကြတာရှိပါတယ်။

အခုဆိုရင် ကမ္ဘာကြီးရဲ့အစိမ်းရောင်အပြောင်းအလဲမှာ လူငယ်တွေရဲ့ကဏ္ဍနဲ့ အစိမ်းရောင်ကျွမ်းကျင်မှုတွေ မြှင့်တင်ပေးဖို့ ရည်ရွယ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာ အသက်(၁၀) နှစ်ကနေ (၂၄) နှစ်အတွင်းရှိတဲ့သူ ဦးရေ ၁ ဒသမ ၈ ဘီလီယံရှိနေပါတယ်။ သူတို့ထဲက ၉၀ ရာခိုင်နှုန်းခန့်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နေထိုင်နေကြပါတယ်။ သူတို့တစ်တွေဟာ နိုင်ငံတွေအတွက် ကြီးမားတဲ့တွန်းအားအလားအလာတွေအဖြစ် ရှိနေပါတယ်။ သူတို့တစ်တွေကို လိုအပ်တဲ့ကျွမ်းကျင်မှုတွေနဲ့ အခွင့်အလမ်းတွေ ထောက်ပံ့ပေးခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အစိမ်းရောင်အပြောင်းအလဲနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာ ထိရောက်တဲ့စွမ်းအားတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ ။

ကိုးကား

၁။ Concept Note, International Youth Day 2023 (August 12)

၂။ လူငယ်ရေးရာမူဝါဒ၊ ၂၀၀၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ

နေပြည်တော် သြဂုတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၁ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများ အပြင် ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများသည် လုပ်ငန်းသက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ပြီး ရုပ်သံထုတ်လွှင့်မှုများကို လေ့လာကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၈၅	၂၃၃၅	၂၃၂၅	၂၂၉၅	၂၃၃၀	၂၃၅၅	၂၃၄၀	၂၃၂၀	၂၄၁၅	၂၄၃၀	၂၃၂၅	၂၃၃၅	၂၃၇၀	၂၃၇၀	၂၃၇၅	၂၆၀၀	၃၁၂၀
95 Ron	၂၃၉၅	၂၄၄၅	၂၄၄၅	၂၄၀၅	၂၄၄၅	၂၄၆၅	၂၄၅၀	၂၄၃၀	၂၅၃၀	၂၅၄၅	၂၄၃၅	၂၄၅၅	၂၄၈၀	၂၄၈၀	၂၄၈၅	၂၇၁၅	၃၂၂၀
HSD (500 ppm)	၂၄၆၀	၂၅၁၀	၂၅၀၅	၂၄၆၅	၂၅၀၅	၂၅၃၀	၂၅၂၅	၂၄၉၀	၂၆၁၀	၂၆၀၅	၂၅၀၀	၂၅၁၀	၂၅၄၅	၂၅၄၅	၂၅၅၀	၂၇၇၅	၃၂၂၀
HSD (50 ppm)	၂၅၃၅	၂၅၈၅	၂၅၈၀	၂၅၄၅	၂၅၈၀	၂၆၀၅	၂၆၀၀	၂၅၇၀	၂၆၉၀	၂၆၈၅	၂၅၇၅	၂၅၈၅	၂၆၂၀	၂၆၂၀	၂၆၂၅	၂၈၅၅	၃၂၈၀
HSD (10 ppm)	၂၅၃၅	၂၅၈၅	၂၅၈၀	၂၅၄၅	၂၅၈၀	၂၆၀၅	၂၆၀၀	၂၅၇၀	၂၆၉၀	၂၆၈၅	၂၅၇၅	၂၅၈၅	၂၆၂၀	၂၆၂၀	၂၆၂၅	၂၈၅၅	၃၂၈၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၇၃	၂၂၅၀
95 Ron	၂၂၈၁	၂၃၆၀
HSD (500 ppm)	၂၃၄၂	၂၄၁၈
HSD (50 ppm)	၂၄၁၆	၂၄၉၄
HSD (10 ppm)	၂၄၁၆	၂၄၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနှပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၇၇ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၇၅,၃၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၁၁၆) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၉၂၂) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်
မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းသရုပ်ပြပွဲ တက်ရောက်

မုံရွာ သြဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် ကုန်းကျေးရွာရှိ စနစ်ကျလယ်ယာ မြေကော ၁၀၀ တွင် ကျင်းပသော မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းသရုပ်ပြပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တောင်သူများအနေဖြင့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့်များကို နည်းစနစ်တကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးနိုင်ရန် တစ်ဧကစံသတ်မှတ်ချက် ကောက်ကွက်ပြည့်မီရေး၊ လစ်ဟင်းမှုမရှိ လွယ်ကူစွာ ဆောင်ရွက်ရေးအတွက် ကြေပတ်စနစ်မှ အစေ့ချစိုက်ပျိုးသည့် လက်ဆွဲမျိုးစေ့ချကိရိယာ ဖြင့် စိုက်ပျိုးမှု နည်းပညာပေးကွင်းသရုပ်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းသရုပ်ပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများထံ သဘာဝမြေသြဇာနှင့် Gypsum မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေသခံတောင်သူများနှင့်အတူ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းသရုပ်ပြသနေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းခရိုင်အတွက် လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးထံ လက်ဆွဲမျိုးစေ့ချကိရိယာများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး မျိုးစေ့ချသရုပ်ပြသနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ဒိုက်ဦး သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က ဒိုက်ဦးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဖောင်တော်သီ) အေးမြသီတာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးအေးက သြဂုတ်လ၏ ပထမရက်သတ္တပတ်ကို မိခင်နို့စနစ်တကျ တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယ ရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ ရောဂါများပျောက်ရေး ရက်သတ္တပတ် အနေဖြင့် သတ်မှတ်ဆောင်ရွက်မည်ဖြစ် ကြောင်း ပြောသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမတို့က ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ သန်ချဆေးများ တိုက်ကျွေးခြင်း၊ သံဓာတ်အားဆေးပေးဝေခြင်းနှင့် အာဟာရတိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

■

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❖ **ဘရိုက်တန်မှ**

လီဗာပူးအသင်းဟာ အဓိကကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဂျော်ဒန်ဟန်ဒါဆန်နဲ့ ဖာဘင်ဟိုတို့ကို ပြီးခဲ့တဲ့လအတွင်း ဆော်ဒီပရိုလင်ဆီပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် ကွင်းလယ်ပိုင်းကို အားဖြည့်ရန် ဘရိုက်တန်ကွင်းလယ်ကစားသမားကိုင်ဆီဒိုကို ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်ဟာ ဆော်ဒီကလပ် အယ်လ်အက်တီဖက်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဖာဘင်ဟိုကတော့ အယ်လ်အီတီဟက်ဒ်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ကိုင်ဆီဒိုဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဘရိုက်တန်အသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက ဘရိုက်တန်အသင်းကို ပရီမီယာလီဂ် အမှတ်ပေးဇယားအဆင့် ၆ နေရာမှာ ရပ်တည်နိုင်ရေးအတွက် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ စာချုပ်ချုပ်ဆိုခြင်းမပြုရသေးပေမယ့် လီဗာပူးအသင်းနဲ့ သဘောတူညီထားတဲ့ ပြောင်းရွှေ့ကြေးအတိုင်း ကွင်းလယ်ကစားသမားကိုင်ဆီဒိုအနေနဲ့ ပြောင်းရွှေ့ခဲ့မယ်ဆိုရင် ကိုင်ဆီဒိုဟာ ဘောလုံးလောကမှာ ပြောင်းရွှေ့ကြေးအများဆုံးကစားသမား ၁၀ ဦးစာရင်းထဲမှာ ပါဝင်လာတော့မှာလည်း ဖြစ်ပါတယ်။

ငွေကြယ်

ကလေးမြို့၌ မိုးစပါး စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

ကလေး သြဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းနှင့်အထက်ရရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စေရန် ပညာပေးကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ကွင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ထွန်းဝင်းနှင့် တာဝန်ရှိသူများက မိုးစပါးပန်းတိုင်အထွက်နှုန်းနှင့် အထက်ရရှိရေးအတွက် စပါးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်နှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး စသည့်နည်းပညာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မိုးစပါးပန်းတိုင်အထွက်နှုန်းနှင့် အထက်ရရှိရေးအတွက် နည်းစနစ်မှန်ကန်ရေး ပညာပေးကွင်းသရုပ်ပြပွဲကို ကျင်းပသည်။ ကလေးမြို့နယ်တွင် မိုးစပါးစီမံကိန်းလျာထားချက်စိုက်ဧက ၁၂၇၅၀၇ ဧကရှိရာ စိုက်ပျိုးပြီးစီးမှုမှာ ၆၄၃၀၉ ဧက(၅၀ ဒသမ ၄၄ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားစျေး၊ ရုံအမှတ်(M)၊ ဆိုင်ခန်းအမှတ်(၇၁) ဆိုင်ခန်းအမည်ပေါက် **ဦးချန်ဦး [၁၂/လမတ(နိုင်)၀၃၇၆၈၈] ထံမှ ဦးကျင်ဦး [၁၂/ဒပန(နိုင်)၀၃၁၉၂၀]** က ဝယ်ယူထားပြီးဖြစ်ရာ **ဦးကျင်ဦး** အမည်သို့ ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စျေးတာဝန်ခံ သီရိရတနာလက်ကားစျေး
စျေးများနှင့်ကုန်စည်ပွဲရုံများဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရဝါကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ အမှတ်(၁/၁၁)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၂၂၄)၊ မြေအကျယ်(၄၅'x ၆၀')မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် (၁၅'x၆၀') စီပိုင်ဆိုင်ကြသော ၁။ ဒေါ်ဇင်မာဦး [၁၂/အစန(နိုင်) ၂၂၁၄၇၅]၊ ၂။ ဦးမြိုး [၈/ဆပဝ(နိုင်) ၁၅၆၈၀၄] နှင့် ၃။ ဦးထူးထူးအောင် [၁၀/မဒန(နိုင်) ၁၆၃၃၉၈]။ ဒေါ်အိအိအောင် [၁၀/မဒန(နိုင်) ၁၆၂၁၆] တို့က AirCon(၃)လုံးနှင့် ရေ/မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးဝင်းရွှေ (U/RGN ၁၁၈၈၄၁) ထံမှ ဆက်စပ်စာချုပ်များနှင့် ဝယ်ယူပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြသူများဟု အဆိုရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီဖြစ်ပါသည်။ အထက်အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၇၀၀/၁၀)
အမှတ် (၆၂၀)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
09- 448049954

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်အမှူသည် ဦးခင်ဝင်း-ဒေါ်လှလှခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှူသည်တို့၏သမီးဖြစ်သူ မချယ်ရီ [၁၂/မဂဒ(နိုင်)၁၄၈၉၁၁] သည် (၈-၂-၂၀၂၀)ခုနှစ်တွင် အိမ်ထောင်ကျပြီး ၎င်းအိမ်ထောင်ဖက်ဖြင့်ပင် လိုက်ပါသွားခဲ့သော်လည်း မိခင်ကြီးဖြစ်သူမှ သမီးဖြစ်သူ မချယ်ရီ၏ လူမှုရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများအား မိဘများကသာ တာဝန်ယူဖြေရှင်းပေးခဲ့ရပြီး နောက်ဆုံး (၆-၈-၂၀၂၃)ရက်နေ့ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ဘိုခြံရပ်ကွက် တွင်းရှိ နေအိမ်ခြံမြေအား ရောင်းချပြီး လူကြီးစုံရာများရှေ့တွင် သမီးဖြစ်သူ၏ ငွေရေးကြေးရေး အရှုပ်အရှင်းများအား တာဝန်ယူဖြေရှင်းပေးခဲ့ရ၍ ယခုအချိန်တွင် ကိုယ်စိတ်ဆင်းရဲခြင်း၊ ငွေကြေးအကြပ်အတည်းများ၊ စားဝတ်နေရေးဒုက္ခမြောက်များစွာ ဖြစ်ပေါ်နေရပြီဖြစ်သောကြောင့် ဒေါ်ချယ်ရီကို ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ဒေါ်ချယ်ရီနှင့်ပတ်သက်၍ ငွေရေးကြေးရေး အရှုပ်အရှင်း အားလုံးအပြင် တခြားမည်သည့်ကိစ္စရပ်မဆို ၎င်းနှင့် ပတ်သက်၍(လုံး၀)တာဝန်ယူ ဖြေရှင်း ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ဆန်း
အထက်တန်းရှေ့နေ (စဉ်-၄၉၁၇၇)
ပျဉ်းမပင်ကျေးရွာ၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
ဖုန်း-၀၉-စ၉၈၄၄၆၂၆၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၁၂၀၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ အကျယ်(၄၀ပေ×၆၀ပေ)ရှိမြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၁၂၀၊ ဘုရင့်နောင်လမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုဒေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားမြို့မြေရာင်းတွင် ဒေါ်ခင်ဝင်းကြည် (RGN-၀၀၂၆၉၁၄)အမည်ဖြင့် မှတ်သားထားရှိပါသည်။ ၎င်းထံမှ အရပ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်သင်းသင်းနိုင် (၆/ရာဘန(နိုင်)၀၀၂၃၆၆)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကေသီဗြိုးကျော် (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၃၁၈)
အမှတ်(၈၄)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၄၂၄၁၆၈၉၈၉၊ ၀၉ ၇၈၀၄၆၈၆၃၆

ပျောက်ဆုံးကြောင်း

မောင်ကျော်ကျော် [၁/ဗမန(နိုင်)၀၇၄၄၀၆]ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်အမှတ် M-455199 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-427292894

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၁၄၊ အတိုင်းအတာ (၄၀' x ၆၀')။ မြေကွက်တည်နေရာအမှတ် (၁၁၄)၊ ဗိုလ်တိုက်ချုန်းလမ်း၊ ရာဇသာကြီ်နိ်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးဝင်းငွေး [၁/ကတတ(နိုင်) ၀၀၅၉၇၇] အမည်ပေါက် ပါမစ်မြေအား ပါမစ်မူရင်းနှင့်အဆက်အစပ် အရပ်ကတိ အရောင်းအဝယ် စာချုပ်(၂)ဆင့်တို့ တင်ပြ၍ ဝယ်ယူသူ ဦးအောင်တင် [၁/တကန(နိုင်) ၀၉၃၁၃၁]မှ နှစ်(၆၀)မြေဂရာစာချုပ် ဂရန်သစ် လျှောက်ထားလာရာ တင်ပြပါမစ်သည် ပြည့်စုံခြင်း မရှိဘဲ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်တို့ ပါရှိသော်လည်း မှီခိုသူများ စာရင်းပါရှိခြင်း မရှိပါသဖြင့် ဖော်ပြပါ ဦးအောင်တင်မှ ပါမစ်(မပြည့်စုံ)ဂရန်သစ် လျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်ဖြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၂၈၇/F၊ ဧရိယာ(၀.၆၁၅)ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၈၇/F)၊ အမှတ် (၄)လမ်း၊ (၁၆/အုပ်ဖို) ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးစိုးမြင့်[၁/ဗတထ(နိုင်)၀၂၃၄၄] အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးစိုးမြင့် [၁/ဗတထ(နိုင်)၀၂၃၄၄] ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသိန်းနိုင်ဦး [၁/ဌကမ (နိုင်) ၁၈၀၇၃၆]မှ ပါမစ် မူရင်းတွင် အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာ ချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင် အကျဉ်းချုပ်သာ တင်ပြ၍ ပါမစ်မစုံဖြင့် အရပ်ကတိ အဆက်ဆက် အရောင်းအဝယ်စာချုပ်များ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃၇/ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁)ဟု ခေါ်တွင်သော ဦးသွမ်ကျဲအို [၄/ဟခန(နိုင်)၀၀၉၅၉၃] အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၄၀ပေx အနန်း၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်စန်းစန်းဌေး [၁၄/ဘကလ(နိုင်) ၀၁၈၅၄၃] ကိုယ်စား ဦးစိုးမင်းလတ် [၁၂/ဒဂတ(နိုင်) ၀၄၁၃၀၉]မှတာ၀နဉ်ယူလက်မှတ်ရေးထိုး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် [၁/လသန(နိုင်) ၀၀၇၇၀၂] က ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်ခင်ငွေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)
အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၁၁၀၈၂၂

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ ကျန်စစ်သားလမ်း၊ တိုက်အမှတ် (၉၄)၊ အခန်းအမှတ် (၀၀၁) မြေညီထပ်၊ အကျယ်အဝန်း (၂၆ x ၃၅)ပေရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်ဇိုးစိုးသန်း [၁/လကန(နိုင်)၂၁၉၇၈၂] မှ လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်လှအောင် [၁/တတန(နိုင်) ၁၄၅၆၀၉] မှ အပြီးအပိုင် လွှဲပြောင်း၀ယ်ယူခဲ့ပြီးဖြစ်ပါကြောင်း နှင့် ယနေ့မှစ၍လက်ရှိ လက်ဝယ်နေထိုင် ပိုင်ဆိုင်လျက်ရှိပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန္တာဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆)
အမှတ် (၁၃) ၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၁၇၇၅၅

"အများသိစေရန် အသိပေးကြေညာခြင်း"

"ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် အနန္တဂုဏ်ရည်လမ်းထောင့်၊ တိုက်အမှတ်(၁၈/၁၉)ပေါ်တွင် ဆောက်လုပ်ထားသော (1800sqft) အကျယ်အဝန်းရှိ (ရွှေအခွဲလီကွန်ဒို ၂)၊ အခန်းအမှတ်(6-F)နှင့် ကားပါကင်တစ်စီးရပ်နားခွင့် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" ကို တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်အေးချို [၁/မဂတ(နိုင်)၀၆၅၄၆၇] (ကန်ထရိုက်တာလိုင်စင် အမှတ်-၂၉၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် **"(၁၀-၈-၂၀၂၃)နေ့စွဲပါ နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"** ကိုချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောကွန်ဒိုတိုက်ခန်း၏တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအားယူဆောင်ပြီး ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၉/၂၀၁၂)
အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၄၈၂၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ တိုက်အမှတ်-၁၆/၁၃၀၊ အခန်းအမှတ်-၉၊ ဒုတိယထပ်(ဥလွှာ)ဟု ခေါ်တွင်သော အကျယ်အဝန်း(၁၂ပေခွဲ x ၄၀ပေ)ရှိ တိုက်ခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ဒေါ်သန်းခင်[၁၂/လသန(နိုင်)၀၀၅၅၂၈] အမည်ဖြင့် ချထားပေးသည့်တိုက်ခန်းဖြစ်ပြီး (၁၉-၄-၂၀၂၃)ရက်စွဲပါ မှတ်ပုံတင်စာရင်းအမှတ်-၁၃၁၁/၂၀၂၃ ဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျမ်းကျိန်ဆိုချ၍ ရောင်းသူ (၁) ဒေါ်သန်းကြည် (၂) ဒေါ်အေးအေးအောင်တို့မှ တရားဝင်ပိုင်ဆိုင်ခွင့်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းတို့ကသာလျှင် ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်မှ အစရှိသော စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အထွေးတစ်စုံတစ်ရာ မရှိကင်းရှင်းကြောင်းကို ဝန်ခံကတိထားလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ တန်ဖိုးတစ်ရပ်သတ်မှတ်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ရောင်းချသူ၏ဝန်ခံကတိပြုချက်များကြောင့် စိတ်ချယုံကြည်စွာဖြင့် ယင်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့မြစ်ရာ အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်တို့ကို ကန့်ကွက်လိုပါက ကျွန်ုပ် ထံသို့ ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ အခြားထိရောက်သည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဤကြော်ငြာပါသည့်နေ့ရက်မှ(၁၄)ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်လှဲရိုင်း
အထက်တန်းရှေ့နေ(စဉ်-၅၁၀၃၅)
အမှတ်(၉၄၆)၊ ခရမ်းစုလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-769435211

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဇွသီရိမြို့၊ မြေတိုင်းရဝါကွက်အမှတ်-၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၆)ဧကရှိ ဒေါ်ဇင်မေဦး [၁၀/မဒန(နိုင်)၀၈၁၃၂၂]၊ အဖအမည် ဦးကြည်သိန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(၀-၂၁၄၄၃)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၃၇၃/၂၀၂၁ (၂၈-၉-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဘိုဘိုဟိန်း[၁၄/ဖပန(နိုင်)၁၅၃၅၅၇]၊ အဖအမည် ဦးတင်အောင်မှ ဦးဥာဏ်ထွေး[၉/မရမ(နိုင်)၀၀၁၃၆၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၉)ရပ်ကွက်၊ နဝရတ်(၄)လမ်း၊ အမှတ်(၁၂၅၉)နေ (အဖ) ဦးထွန်းလှိုင်၏သမီး ဒေါ်ဝင်းအေး [၁၂/သကတ(နိုင်)၀၄၀၈၇၈]အား ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နဝရတ်(၄)လမ်း၊ အမှတ်(၁၂၆၀/ခ)နေ ဒေါ်ရင်ရွှေ [၁/သကတ(နိုင်)၀၂၅၇၀၂] မှ လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်လှအောင် [၁/တတန(နိုင်) ၁၄၅၆၀၉] မှ အပြီးအပိုင် လွှဲပြောင်း၀ယ်ယူခဲ့ပြီးဖြစ်ပါကြောင်း နှင့် ယနေ့မှစ၍လက်ရှိ လက်ဝယ်နေထိုင် ပိုင်ဆိုင်လျက်ရှိပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ရင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းငြိမ်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)
တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (၀)ထပ်၊ Strand Condominium
မဟာဗန္ဓုလပန်း၊ခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ တိုက်အမှတ်(၄၃၇)၊ ၃ခန်းတွဲ စထပ်တိုက်အဆောက်အဦး၏ ဒုတိယထပ်(၃လွှာအလယ်ခန်း)အကျယ်(၁၅ပေx၆၀ပေ)အခန်းနှင့် ယင်းနှင့်သက်ဆိုင်သော ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာတွင်တည်ရှိသည့် ဖော်ပြပါကွန်ဒို တိုက်ခန်းကိုလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ယဉ်ယဉ်အေး [၁/တမန(နိုင်)၀၆၆၄၅၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော တရားဝင်

အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းကျေးရွာ၊ ကွင်းအမှတ်- ၃၉၈-ပဲမိုကုန်းအနောက်၊ ဦးပိုင်အမှတ်- ဂ၉/၁၀၊ ဧရိယာ (၁.၃၀) ဧကရှိ ဥယျာဉ်ခြံမြေထဲမှ ရှေ့ချက်နှာစာ(၁ဂဂ)ပေ၊ နောက်မျက်နှာစာ(၁၂ဂ)ပေ၊ ဝဲဘက်ခြမ်း (၈၀)ပေ၊ ယာဘက်ခြမ်း စုစုပေါင်း (၁၆၃ပေ ၅လက်မ) ခန့်ရှိ မြေကွက် [အနံ (၂၀)ပေx အလျား (၁၄ဂ)ပေရှိ တစ်ဆစ်ချိုးကွေ့ခြံအဝင်လမ်းအပါအဝင်]နှင့် ယင်းမြေကွက်ပေါ်ရှိ မြကန်သာကျောင်းလမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ချိုမြင့် [၁၂/ရကန(နိုင်)၀၉၄၀၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၀၇)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ စွယ်တော်(၁၃)လမ်း၊ အမှတ် ၅၅၄ ရှိ အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဦးထွန်းစိန် အမည်ပေါက် မြေကွက်မှ ခေါင်းရင်းခြမ်းရှိ အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအားလုံး၊ ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းဦး [၁၂/ရကန(နိုင်)၀၃၃၂၈၁]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်း[၁၂/သဃက(နိုင်)၀၁၄၁၁၈]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဆွေဝင်း LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)
အမှတ်- ၁၃၂၈၊ ကုန်းဘောင်လမ်း၊ ၁၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉

တရားမပုံစံအမှတ် ၃၃။

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

ဦးစောတင်အောင်ငြိမ်း နှင့် ဒေါ်အုန်းသိန်း
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ရွှေဟော်သ်ာ (၅၂)လမ်း၊ အမှတ် (၁၁၉၇)နေ တရားပြိုင် ဒေါ်အုန်းသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပေါ(၁၅)လမ်း၊ တိုက် (၃၂)နေ တရားလို ဦးစောတင်အောင်ငြိမ်းက ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ် သဘောတူကတိစာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ် သြဂုတ်လ ၂၂ ရက် (၁၃စ၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်)နေ့** မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုဏ၏ အဆိုလွှာကို ထုချေရှင်းလင်းရန်၊ ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်တွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် သြဂုတ်လ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မေဦး)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မောင်မကန်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၈၅၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ (ခြေရင်းဘက်ဂရန်မှရုပ်ခြမ်း)၊ (မြေကွက်အမှတ်- ၈၅၅ နှင့် ကပ်လျက်)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်ခံအိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ဝန်ခံကတိပြုသူဦးမောင်မောင်စန်း [၁၂/ဗဟန(နိုင်)၀၈၂၁၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသီတာ [၁၂/ဒဂတ(နိုင်)၀၄၇၉၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုထွန်း LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၄)
အမှတ်(၂၂၈/က)၊ ဓိဂသီလမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကာလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၂၀၅၁၂၁၀၊ ၀၉-၄၂၀၀၃၆၇၄၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ထူပါရုံ)၊ မြေကွက်အမှတ် (၁၃၈၉/က)၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်- ၁၃၈၉/ဂ၊ ထူပါရုံ (၁၁)လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ရင်လှ (CI-၀၃၁၆၅၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်လှ (CI-၀၃၁၆၅၉) (မိခင်)နှင့် ဖခင်ဖြစ်သူ ဦးကျော်မြင့်တို့ အသီးသီးကွယ်လွန်ကြသဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးကျော်ထူး [၁၂/သဃတ (နိုင်) ၀၅၀၄၁၈]ထံမှ အထွေထွေကိုယ် စားလှယ် လွှဲစာအမှတ် (၄၃၀၂/၂၀၂၂) (၁၅-၃- ၂၀၂၂) ရသူ ဦးစော်စော်ဦး [၁၂/သကတ(နိုင်) ၀၉၅၄၇၆]မှ ပါ၀ါ၊ ပါ၀ါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ မိဘများတွင် မိမိတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး အခြားသော သား/သမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိမှ လွှဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဦးကျော်ထူးမှ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်ရင်လှနှင့် ဦးကျော်မြင့်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ၉၀နသိန်ဒိုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၅၂၈)ဧက၊ မြေကွက်အမှတ် (၃-၅၀၇၂)၊ ၅၀၇၄)၊ ဦးဇွဲညီညီ (၁၁) ဦးမျိုးမြင့် အမည်ပေါက် နှစ်(၃၀) မြေဌားစာချုပ်မြေကွက်ကို ဒေါ်သင်းရတီဆု [၁၂/လမတ(နိုင်)၀၃၃၄၆] (၁၁) ဦးမြင့်စိုးမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၅၇၆၆/၂၀၂၂ (၁၄-၁၂-၂၀၂၂) တင်ပြ၍ ဒေါ်ဦးမွာ [၉/မရမ(နိုင်) ၀၂၅၄၉၈] (၁၁) ဦးစက်မောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ဥတုရာသီ
တောကို မီ၏

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
တိုင်းဒေသကြီးပညာရေးမှူးရုံး-ထားဝယ်မြို့
တင်ဒါကြော်ငြာချက်

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ဗဏီများမှ လုပ်ငန်းဆောင်ရွက်လိုပါက အိတ်ဖွင့်စျေးနှုန်းလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

ဆောင်ရွက်လိုသောလုပ်ငန်းများ

(က) ထားဝယ်မြို့နယ်၊ အမက-ကရင်ပြင်(တ) (၁၂၀x၃၀)ပေ၊ အုတ်ညှပ် (၁)ထပ်ဆောင်တွင် ခေါင်မိုးသွပ်လဲခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း

(ခ) မြိတ်မြို့နယ်၊ အထက(၉)မြိတ် (၁၄၀x၃၀)ပေ (၁)ထပ်ကျောင်းဆောင် အမိုးပြုပြင်ရန်၊ နံရံအတွင်းအပြင်အချောကိုင်ရန်၊ ဆေးသုတ်ရန်၊ ရေတံလျှောက်တပ်ဆင်ရန် (မြတ်လေးဆောင်)

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၄ -၈-၂၀၂၃)ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို (၁၃-၉-၂၀၂၃)ရက်နေ့၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထားရ၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ရွှေနင်းဆီလမ်း၊ အမှတ်-၁၀၀၈/စီ ဟု ခေါ်တွင်သော မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၅၅ မြေကွက်အမှတ် - ၁/ခ ၁၆၀၊ ဧရိယာ (၃၅၅၀) စတုရန်းပေ၊ (၀.၀၈၁) ဧကရှိ နှစ် (၆၀) မြေငှားမြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်များကို **ဦးဦးကို (၁၂/ဗဟန (နိုင်) ၀၀၃၀၅၅) နှင့် ဒေါ်မီမီအောင် (၁၂/ဗဟန (နိုင်) ၀၀၈၂၀၃)** တို့က အမည်ပေါက် ပိုင်ဆိုင်၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ခင်အေးမာ
တရားလွှတ်တော်ရှေ့နေ(စဉ်- ၂၈၇၁)
ဖုန်း - ၀၉-၅၁၄၉၃၈၂

အမှတ်-၅၆၃ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ပန်းလှိုင်အိမ်ရာ၊ မြေကွက်အမှတ်-Lot-306 အကျယ်အဝန်း (၃၃၇၅)စတုရန်းပေရှိ ပန်းလှိုင်အိမ်ရာစီမံကိန်းပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအမှတ် LH - 118, Lot - 306 ဟု ခေါ်တွင်သည့် မြေနှင့် အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်လင်းထွန်း (၁၃/ကမန(နိုင်) ၀၆၀၈၀၅)နှင့် ဒေါ်ချိုချိုလွင် (၁၃/တကန (နိုင်) ၁၄၃၄၆၀)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးတင်လတ် (၁၃/ဝကန (နိုင်) ၀၃၆၀၃)က တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦးအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားနိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကန့်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဇင်မာသက် LL.B **ဒေါ်ဝါဝါလှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၅၇) **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀)**
အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၁၂၅၃၃၈၂၊ ၀၉ ၄၂၀၀၆၃၄၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် (၈/၁၇-ဘီ)၊ ဧရိယာ (၀.၀၂၇၅) ဧကရှိ (၂၅)နှစ်သက်ကုန်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈/၁၇ - ဘီ)၊ ရေတမာလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံဂန်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ပွဲရုံ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးရွှေမောင်း (၁၅) ဦးထွန်းရင် (၁၂/လသန(နိုင်) ၀၀၄၈၄၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁၀-၈-၂၀၂၃) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိ စရန် ကြေငြာအပ်ပါသည်။ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၅၄၉

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၄၊ လူနေရပ်ကွက်အမှတ်- အောင်မြေသာစည်၊ မြေကွက်အမှတ်- ၅၆၊ အကျယ်အဝန်းစတုရန်းပေ (၃၃၅၆.၉၅)၊ ဧရိယာ (၀.၀၇၇)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၅၆၊ အောင်ချမ်းသာ (၁)လမ်း၊ အောင်မြေသာစည် အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြစုလှိုင် [၇/ဖမန(နိုင်)၀၀၁၁၅၀] အမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ CB Bank၊ ကမာရွတ်ဘဏ်ခွဲတွင် အာမခံအဖြစ်ထားရှိထားသည်မှလွဲ၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၁၀၀၃၂၂၂

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်/အမည် (၉၈/တောက)၊ ဦးပိုင်အမှတ် (၁၆/၄၂)၊ ဧရိယာ (၀.၂၂)ဧကရှိ မြေကွက်သည် အမှုတွဲအမှတ်(V) ၄၇၅/၂၀၁၆-၂၀၁၇ အရ ဒေါ်မြိုမို့ဝင်း(ခ) ဒေါ်မိုးမိုးဝင်း အမည်ဖြင့် မြေငှားဂရန်ရရှိထားကြောင်း၊ ၎င်းဂရန်စာချုပ်တွင် ဒေါ်မြိုမို့ဝင်း(ခ)ဒေါ်မိုးမိုးဝင်း၏ မှတ်ပုံတင်အမှတ်မှာ [၁၀/မလမ(နိုင်)၀၅၁၄၃၉] ဟု မှားယွင်းဖော်ပြထားပြီး မှတ်ပုံတင်အမှတ်အမှန်ဖြစ်သည့် [၁/မကန(နိုင်)၀၅၁၄၃၉]အား ဂရန်စာချုပ်တွင် အမှန်ပြင်ဆင်ခွင့်ပြုပါရန် ဒေါ်မြိုမို့ဝင်း(ခ)ဒေါ်မိုးမိုးဝင်းမှ ဂရန်စာချုပ်မိတ္တူ၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူများဖြင့်တင်ပြလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရာဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးသုတေသနဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျှောက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး/လစာနှုန်း(ကျပ်)	လစ်လပ်နေရာ	ပညာအရည်အချင်း
(က)	ဒုတိယဦးစီးမှူး	(၆) နေရာ	B.Com/ B.Ecom (Eco/Stats)/ B.Act/ B.B.A/ B.P.A/ B.P.S/ B.B.Sc. (Accounting and Finance/Applied Statistics)/ B.C.Sc/ B.C.Tech/ A.G.T.I (EP/ E.C/ Civil)/B.A.Sc ဘွဲ့တစ်ခုခုရရှိသူ
(ခ)	သုတေသနလက်ထောက်-၂	(၃) နေရာ	B.V.Sc./ D.V.M, B.Sc.(Zool/ Marine Science/ Fisheries and Aquaculture Science/ Microbiology/ Biochemistry/ Biotechnology/ B.A.Sc. ဘွဲ့တစ်ခုခု ရရှိသူ
(ဂ)	ဒုတိယလက်ထောက်ဦးစီးမှူး	(၃) နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ စိုက်/ မွေးဒီပလိုမာရရှိသူ
(ဃ)	သုတေသနလက်ထောက်-၄	(၃) နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ စိုက်/မွေးဒီပလိုမာရရှိသူ
(c)	အငယ်တန်းစာရေး	(၄) နေရာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ
	စုစုပေါင်း	**(၁၉) နေရာ**	

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) (၃၁-၈-၂၀၂၃)ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) ဒုတိယဦးစီးမှူးနှင့် သုတေသနလက်ထောက်-၂ ရာထူးနေရာများတွင် လျှောက်ထားသူများ အနေဖြင့် အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
(c) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်-၄ နှင့် အငယ်တန်းစာရေး ရာထူး နေရာများတွင် လျှောက်ထားသူများအနေဖြင့် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုအပ်(၏) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ရာထူးခန့်ထားခြင်း အဓိကနှစ်ဖာမှပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါမှတ်တမ်းအထောက်အထားများ ပူးတွဲလျက် မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်သို့ (၂၉-၉-၂၀၂၃) ရက်နေ့ အရောက်နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်-
(က) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်/တက္ကသိုလ်လင်ပတန်းအောင် လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)။
(ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအပြာရောင် လိုင်စင်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)။
(ဃ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း။
(c) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ။
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။
(ဇ) ဒုတိယဦးစီးမှူး၊ သုတေသနလက်ထောက်-၂ ရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေး၀နှစ်ခံကတိ။
(စျ) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်-၄ အငယ်တန်းစာရေး ရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေး ဝနှစ်ခံကတိ။

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရေဆင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မွေးမြူရေးသုတေသန စခန်းများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သော အရည်အချင်းစစ်ဆေးရေးဖြေစာမေးပွဲကို (၂)နာရီမေးခွန်းအား မွေးမြူရေးသုတေသနဦးစီးဌာန ရုံးချုပ်၊ ရေဆင်း၊ နေပြည်တော်၌ ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့် ဖြေဆိုမည့်နေ့ရက်အား ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မွေးမြူရေး သုတေသနစခန်းတို့မှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၆။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးမည့် အစီအစဉ်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပြီး အချိန်မီ ရောက်ရှိခြင်း မရှိသော၊ အချက်အလက်ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိစုံစမ်းလိုပါက မွေးမြူရေးသုတေသနဦးစီးဌာန၊ ဝန်ထမ်း ရေးရာဌာနစိတ်၊ **staffdlar7777@gmail.com** သို့လည်းကောင်း၊ တယ်လီဖုန်းအမှတ်၊ ၀၉-၅၀၄၄၁၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မွေးမြူရေးသုတေသနဦးစီးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

(၂၄-၇-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၃၁ ပါ အထက်တန်းရှေ့နေ ခေါ်ရည်မွန်အောင်၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းတွင် မြေကွက်အမှတ် (၄၆၉/က) အစား (၄၉၆/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပတ်စ်ပို့ပျောက်

ကျွန်မ ခေါ်ဂေမှန်စိမ်း [၄/ကပလ(နိုင်)၀၀၉၆၄၄] ၏ ပတ်စ်ပို့(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၀၀၂၈၆၇

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၂၄၀၊ အကျယ်အဝန်း (၄၀ ၀၀ x ၆၀ ၀၀)ရှိ တရားဝင်မခွဲမစိတ်ရသေးသော နှစ် (၆၀) ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ ၀၀ x ၆၀ ၀၀)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၄၀ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်သီ[၈/ခမန(နိုင်)၁၀၅၂၈၇] ၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၁၉၂၄၉/၂၀၂၂ ရရှိသူ ဒေါ်ဖူးပွင့်ခိုင် [၁၂/အလန(နိုင်)၀၄၉၃၃၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
